# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၁၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၈၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၀-၈-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ကျွန်တော် ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၇ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ခွင့် ၃ ရက်၊

(၂) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၃ ရက်၊

(၃) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၄) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၃ ရက်နှင့်

(၅) မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဝိစာရလမ်းကို ပြင်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ဧည့်သည်တော်များနှင့် ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှာရှိတဲ့ ဦးဝိစာရလမ်းမကြီးကို ပြင်ဆင်တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိ၊ ပြင်ဆင်ပေးမယ်ဆိုလို့ရှိရင် ဘယ်ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင်ပေးမယ်ဆိုတာကို သိလိုတဲ့အတွက် မေးရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရဲ့ အဓိကလမ်းမကြီးဖြစ်တဲ့ ပင်လုံလမ်းမကြီးနှင့် ဗိုလ်မှူးဗထူးလမ်းမကို ကန့်လန့်ဖြတ်ဆက်သွယ်ထားတဲ့လမ်းကတော့ ဦးဝိစာရလမ်းဖြစ်ပါတယ်။ အဲဒီ ဦးဝိစာရလမ်းက အဓိကအားဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)စက်မှုဇုန်၊ မဟာမြိုင်အိမ်ရာ၊ တော်ဝင်အိမ်ရာ၊ ၃၄ ရပ်ကွက်၊ ၄၁ ရပ်ကွက်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ (၄၂)ရပ်ကွက်၊ (၄၂)တိုးချဲ့ရပ်ကွက်ရဲ့အဓိကအသုံးပြုရတဲ့လမ်းမကြီးဖြစ်ပါတယ်။ ဒီလမ်းမကြီးဟာ ၁၄ ပေပဲ ကျယ်ပြီးတော့ မိုင်ဝက်လောက်ရှည်ပါတယ်။ အဲဒီလမ်းမကြီးက အလွန်အမင်း ပျက်စီးနေတဲ့အပြင် လမ်းဘေးမှာ ချောက်တွေဖြစ်နေတဲ့အတွက် ယာဉ်များလည်း မကြာခဏအန္တရာယ်ကျရောက်ပါတယ်။ အဲဒီလမ်းမကြီးကို လိုင်းကားအားဖြင့်ပြောမယ်ဆိုလည်း အမှတ်(၁၀၇)၊ (၁၀၈)၊ (၃၆)၊ (၃၇)လိုင်းကား လေးလိုင်းလည်း အသုံးပြုနေရပါတယ်။ ဒီလို လူအသုံးများတဲ့လမ်းမကြီးဟာ အင်မတန် ပျက်စီးနေတဲ့အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်ကွက်သာယာရေးကော်မတီများကလည်း အကြိမ်ကြိမ် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့တော်စည်ပင်သာယာရေးကော်မတီကို တင်ပြပြီးတော့ ပြင်ဆင်ပေးပါလို့ တောင်းခံခဲ့ပါတယ်။သို့သော်ငြားလည်း ဒီနှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ပြင်ဆင်ပေးဖို့ ဘတ်ဂျက်ပါမလာပါဘူး။ ဒါကြောင့်မို့လို့ လူသုံးများပြီးတော့ အင်မတန်သုံးရတဲ့လမ်းတစ်ခုကို ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍ ပြင်ဆင်ပေးမယ်

ဆိုရင် ဘယ်သောအခါမှ ပြင်ဆင်ပေးမယ်ဆိုတာ အတိအကျသိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်မှ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဦးဝိစာရလမ်းအား တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိခဲ့ပါက မည်သည့်ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဝိစာရလမ်း၊ ပင်လုံလမ်းနှင့် ဗိုလ်မှူးဗထူးလမ်းကြားဟာဆိုရင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့သစ်များစတင်တည်ထောင်စဉ်က ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့သောလမ်း ဖြစ်ပါတယ်။ အဆိုပါ လမ်းပျက်စီးမှုအပိုင်းများအား ကတ္တရာကွန်ကရစ်ဖြင့် လမ်းပြုပြင်ခြင်းကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ကတ္တရာကွန်ကရစ် တန်ချိန် ၁၅ တန်၊ စက်တင်ဘာလတွင် တန် ၂၀ ၊ အောက်တိုဘာလတွင် ၄၅ တန်၊ နိုဝင်ဘာလတွင် ၁၅ တန်၊ ဒီဇင်ဘာလတွင် ၇၅ တန် စုစုပေါင်း ကတ္တရာကွန်ကရစ် ၁၇၀ တန် အသုံးပြု၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ပေးထားခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဝိစာရလမ်းအား လမ်းတိုးချဲ့ခြင်းနှင့် အကြီးစားပြုပြင်ပေးရန်အတွက် လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။

**မူကြမ်း**

**မင်းကင်းမြို့နယ်၊ ကနီ-မင်းကင်း-မြို့မလမ်းကြောင်းပေါ်ရှိ ပုထိုးလုံးချောင်းကို တံတားထိုးပေးရန်နှင့် ၎င်းလမ်းကြောင်းကို ရာသီမရွေးသွားလာနိုင်သော လမ်းကြောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ဖြစ်ပြီးတော့ Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ မင်းကင်းမြို့နယ်ဟာ ချင်းတွင်းမြစ်ကမ်းဘေးမှာတည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အလျောက် ဖွံ့ဖြိုးမှုလည်းနောက်ကျတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ လမ်း ပန်းဆက်သွယ်ရေးအတွက် ချင်းတွင်းမြစ်ကိုသာ အားကိုးအားထားပြုနေရပြီး ယခုအခါမှာတော့ Extreme Weather ကြောင့် နွေရာသီမှာ ရေကြောင်းကြပ်ပြီး သွားလာရေးခက်ခဲသလို၊ မိုးရာသီမှာလည်း အလွန်အမင်းရေကြီးတဲ့အချိန်တွေမှာ အန္တရာယ်ရှိတဲ့အလျောက် ရေယာဉ်သွားလာမှုများကို တစ်ပတ်၊ ၁၀ ရက်ခန့် ပိတ်ထားရတဲ့ အလေ့အထရှိပါတယ်။ ဒါကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးသာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက်ပါ ခက်ခဲမှုဖြစ်ပေါ်လျက်ရှိပါတယ်။ ဒီလိုအခက်အခဲတွေရှိတဲ့အတွက် ကျွန်တော်တို့ရဲ့တင်ပြချက်များအရ တပ်မတော်အစိုးရလက်ထက်မှာကတည်းက မုံရွာ-ကနီလမ်းမှတစ်ဆင့် ၆၃ မိုင်ဝေးတဲ့ မင်းကင်းမြို့ကို မြေသားလမ်းဖောက်လုပ်ပေးခဲ့ပါတယ်။ သို့သော်လည်း မြေသားလမ်းအဆင့်ကနေပြီးတော့မှ ကျောက်ကြမ်းလမ်းအဆင့်ကို တက်လှမ်းနိုင်ခြင်းမရှိတဲ့အတွက်ကြောင့် Commercially သွားလာနိုင်ခြင်းမရှိဘဲ လမ်းကြောင်းရဲ့အခြေအနေကတော့ ပုံမှာမြင်တွေ့ရတဲ့အတိုင်း ဖြစ်ပေါ်နေပါတယ်။ ရေတိုက်စားခြင်း၊ သစ်ပင်ချုံနွယ်များပေါက်ရောက်ခြင်းတို့ကြောင့် ဆိုင်ကယ်လမ်းတောင်မှ အနိုင်နိုင်လို့ ပြောရမလို ဖြစ်နေပါတယ်။ ဒီလမ်းကြောင်းမှာ အဓိကအခက်အခဲနှစ်ခုရှိပြီးတော့မှ Gradient မြင့်တဲ့ သက်ခက်တောင်တက်လမ်းနဲ့ မင်းကင်းမြို့ကနေပြီး လေးမိုင်အကွာအဝေးမှာရှိတဲ့ ပုထိုးလုံးချောင်းတို့ပဲ ဖြစ်ပါတယ်။ ဒီသက်ခက်တောင်တက်လမ်းကို Gradient ချဖို့နဲ့ ပုထိုးလုံးချောင်းကူးတံတားတည်ဆောက်ရေးကို ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်တော့ ဒီလမ်းဟာ commercial လမ်းမလွဲမသွေဖြစ်မှာ သေချာပါတယ်။ ပုထိုးလုံး ချောင်းဟာ ကနီမြို့အဝင်မှာရှိတဲ့ ဒေဝါချောင်းလောက်ပဲရှိပါတယ်။ တစ်ခုပဲကွာခြားတာကတော့ ဒေဝါချောင်းက ဆယ့်နှစ်ရာသီ ရေမစီးပါဘူး။ တစ်ခါတစ်ရံ

မိုးကြီးတဲ့အခါမှသာ ရေကျတဲ့ချောင်းဖြစ်ပါတယ်။ ပုထိုးလုံးချောင်းကတော့ ရေအမြဲတမ်း နွေမိုးဆောင်း ရှိနေပါတယ်။ ရေများတဲ့အခြေအနေမှာ လှေဖောင်တွေတောင် မသွားနိုင်ပါဘူး။ မနေ့ကအခြေအနေ ကတော့ လှေဖောင်တွေသွားနိုင်ပါတယ်။ ဒါကို ဒေသခံတွေက Viber နဲ့ပို့ပေးလို့ ကျွန်တော်က လွှတ်တော်ကိုလည်း တင်ပြအပ်ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ ဝန်ကြီးဌာနတွေရဲ့ ဘတ်ဂျက်အခက်အခဲ ကို ကျွန်တော့်အနေနဲ့ နားလည်ပါသော်လည်း ဒေသခံပြည်သူတွေရဲ့ လိုလားချက်ကို လျစ်လျူရှုလို့မရ နိုင်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ရဲ့မေးခွန်း ကတော့ မုံရွာ-ကနီ-မင်းကင်းလမ်းပေါ်မှာရှိတဲ့ ပုထိုးလုံးချောင်းကူးတံတားကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်မည်ကို သိရှိလိုပါ ကြောင်းနှင့် ကနီ-မင်းကင်းလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေတ္တာရပ်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်မှ မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ကနီ-မင်းကင်း-မြို့မ လမ်းကြောင်းပေါ်ရှိ ပုထိုးလုံးချောင်းကို တံတားထိုးပေးရန် အစီအစဉ်ရှိ/မရှိနှင့် ၎င်းလမ်းကြောင်းကို ရာသီမရွေးသွားလာနိုင်သည့် လမ်းကြောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ပထမလမ်းကြောင်းဖြစ်တဲ့ မုံရွာ-ကနီ- မင်းကင်း-မြို့မလမ်းပိုင်းဟာဆိုရင် ၁၁၁ မိုင် ၁ ဖာလုံမှာဆိုရင် မုံရွာမြို့မှ ချောင်းမရွာအထိ ၁၆ မိုင် ၁ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်းဖြစ်ပြီးတော့ ချောင်းမရွာ

ကနေပြီးတော့ ကနီမြို့အထိ ၁၄ မိုင် ၂ ဖာလုံ ကတော့ ၁၂ ပေ အကျယ်ကတ္တရာလမ်း ဖြစ်ပါတယ်။ ကနီ-မင်းကင်းအပိုင်းကတော့ ၆၃ မိုင် ၃ဖာလုံ ရှည်လျားပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့ လမ်းအခြေအနေကတော့ အမာခံလမ်း ၆ မိုင်၊ မြေသားလမ်း ၅၇ မိုင် ၃ ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေနှင့် မိုင်တိုင်(၀/၀)ကနေ ၃/၂ အထိ ၁၂ ပေအကျယ် ကတ္တရာလမ်း ၃ မိုင် ၂ ဖာလုံနှင့် မိုင်တိုင်(၅/၀)ကနေ မိုင်တိုင်(၈/၀)အထိ တံတားငယ်ငါးစင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကနီ-မင်းကင်းလမ်းပိုင်းဟာဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့ ပုထိုးလုံးချောင်း ၁၀၀၀ ပေအပြင် နန္ဒင်းတောချောင်း ပေ ၈၀၀ တံတားကြီးနဲ့ ပေ ၁၈၀ အောက်တံတားအစင်း ၂၀၀ ခန့်၊ ရေကျော် ၁၀ စင်း တည်ဆောက်ရန်လိုအပ်မှာဖြစ်ပြီးတော့ မြေသားလမ်းအနေဖြင့်လည်း လျှောစောက်နိမ့်ချရမယ့်နေရာများလည်း ကျန်ရှိနေပါသေးတယ်။ ဒီအချက်တွေကြောင့် ကနီ-မင်းကင်းလမ်းပိုင်းမှာ ချောင်းမြောင်းများ ပေါများတဲ့အတွက် မိုးတွင်းအချိန်သာ သွားလာခြင်းမပြုနိုင်ဘဲနဲ့ ပွင့်လင်းရာသီမှာတော့ တစ်ကြောင်းထိုးလမ်းနဲ့ ကနီနဲ့ မင်းကင်းအကြားသွားလာနိုင်ရန် နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မင်းကင်း-မြို့မလမ်းအပိုင်းဟာဆိုရင် ၁၇ မိုင် ၃ ဖာလုံ ရှည်လျားပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့ လမ်းအခြေအနေကတော့ အမာခံလမ်းက ၉ မိုင်၊ မြေသားလမ်းက ၈ မိုင် ၃ ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေနဲ့ လျှောစောက်များနိမ့်ချခြင်း၊ တံတားငယ်ရှစ်စင်းတည်ဆောက်ခြင်း၊ မြေထိန်းနံရံ ၂၈၅ ပေ တည်ဆောက်ခြင်းစတဲ့ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မင်းကင်း-မြို့မလမ်းအပိုင်းဟာဆိုရင် ရာသီမရွေးသွားလာနိုင်ရန်အတွက် အမာခံလမ်းခင်းခြင်း ၈ မိုင် ၃ ဖာလုံ၊ လျှောစောက်နိမ့်ချခြင်းလုပ်ငန်းများ၊ တံတားကြီးသုံးစင်း၊ မြေထိန်းနံရံများ၊ ကျောက်စီရေမြောင်းများ ဆောင်ရွက်ရန် ကျန်ရှိမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယလမ်းကြောင်းဖြစ်တဲ့ မုံရွာ-ယာကြီး-လာဘို့-မင်းကင်း-မြို့မလမ်းပိုင်းဟာ ၁၀၂ မိုင်မှာဆိုရင် မုံရွာ-ယာကြီး-လာဘို့ရွာအထိ ၅၈ မိုင် ရှည်လျားပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က စီမံခန့်ခွဲတဲ့လမ်းဖြစ်ပြီးတော့ မိုင်တိုင်(၀/၀)ကနေပြီးတော့ မိုင်တိုင်(၅၈/၀)အထိ ၁၈ ပေအကျယ်ကတ္တရာလမ်းဖြစ်ပါတယ်။ လာဘို့-မင်းကင်းလမ်းအပိုင်းဟာဆိုရင် ၂၆ မိုင် ၅ ဖာလုံရှည်လျားပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့ လမ်းအခြေအနေကတော့ ကွန်ကရစ်လမ်း ၆ မိုင် ၂ ဖာလုံ၊ အမာခံလမ်း ၈ မိုင် ၂

ဖာလုံနှင့် မြေသားလမ်း ၁၂ မိုင် ၅ ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရန်ပုံငွေနဲ့ မိုင်တိုင်(၀/၀)ကနေပြီးတော့ မိုင်တိုင်(၁၂/၀)အထိ၊ မိုင်တိုင်(၁၇/၂)ကနေ (၂၀/၃)အထိ စုစုပေါင်း ၁၅ မိုင် ၁ ဖာလုံကို တစ်ဖက်လျှင် လေးပေအကျယ် ကွန်ကရစ်ဘီး လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မိုင်တိုင်(၀/၀)ကနေပြီးတော့ မိုင်တိုင်(၁၂/၀) အထိ ၁၂ မိုင်အား Open Tender လုပ်ငန်းစနစ်ဖြင့် အမြန်ဆုံးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မိုင်တိုင်(၀/၀)မှ မိုင်တိုင်(၁၂/၀)အတွင်း တံတားငယ်လေးစင်း၊ မိုင်တိုင်(၁၂/၀)မှ မိုင်တိုင် (၂၆/၅)အတွင်း တံတားငယ် ၂၁ စင်း၊ တစ်လွှာတစ်ထပ် ဘေလီသံပေါင်သစ်သားကြမ်းခင်း ပေ ၆၀ အရှည် ပုထိုးလုံးတံတားနှင့် နှစ်လွှာတစ်ထပ်ဘေလီသံပေါင် Steel Decking ကြမ်းခင်းဖြင့် ပေ ၄၂၀ အရှည်ရှိတဲ့ ယင်းသွင်တံတားကိုလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာဆိုရင် လာဘို့-မင်းကင်းလမ်းပိုင်းအနေဖြင့် တံတားကြီးများအားလုံး ဆောင်ရွက်ပြီးမှာဖြစ်ပြီးတော့ လမ်းပိုင်းအနေဖြင့်လည်း ၅ မိုင် ၂ ဖာလုံသာ ကွန်ကရစ်ခင်းရန်ကျန်ရှိမှာ ဖြစ်ပါတယ်။ ကွန်ကရစ်ခင်းရန် ကျန်တဲ့အပိုင်းဟာဆိုရင်လည်း အမာခံလမ်းခင်းပြီးတဲ့ အပိုင်းဖြစ်တဲ့ အတွက် ရာသီမရွေးသွားလာနိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းကင်းမြို့ကို ဆက်သွယ်သွားလာနိုင်တဲ့ အဓိကလမ်းမကြီးနှစ်လမ်းအနက် ကနီ-မင်းကင်းလမ်းပိုင်းဟာဆိုရင် ပထမ ငါးနှစ် စီမံချက်မှာဆိုရင် ပါဝင်ခြင်းမရှိတဲ့အတွက် ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေး ပါကြောင်းနှင့် မုံရွာ-ယာကြီး-လာဘို့-မင်းကင်း-မြို့မလမ်းပိုင်းအား ရာသီမရွေးသွားလာနိုင်ရေး အတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက်မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ ဆောက်လုပ်ရေးဝန်ကြီးပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က တင်သွင်းသွားတဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်အမည်စာရင်းတင်သွင်းသူ ကိုယ်စားလှယ် ၃၁ ဦး အနက် ၁၃ ဦးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ (၉-၈-၂၀၁၆)ရက်နေ့မှာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ဆွေးနွေးရန်ကျန်ရှိတဲ့ကိုယ်စားလှယ် ၁၈ ဦး ဆက်လက်ဆွေးနွေးခြင်းကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းဖြစ်ပါတယ်။ မြောက်ဥက္ကလာပမဲဆန္ဒနယ် ဒေါက်တာသန်းဝင်း တင်သွင်းသော နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ အဂတိတရားနှင့် ပတ်သက်၍ ကျွန်မတို့မြန်မာနိုင်ငံမှာ ဥပဒေအရရော၊ ဘာသာယဉ်ကျေးမှုအရပါ တင်းတင်းကြပ်ကြပ်တားမြစ်ထားပါတယ်။ ဆန္ဒာဂတိ၊ ဒေါသဂတိ၊ မောဟဂတိ၊ ဘယာဂတိတို့ အဋ္ဌကထာတွင် အဂတိတရားလေးပါးလုံးဟာ အကုသိုလ်ကံများဖြစ်၍ အပယ်ကျနိုင်ကြောင်းတို့လည်း ဖွင့်ဆိုထားပါတယ်။ ကျွန်မတို့နိုင်ငံမှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်ရဲ့အခြေခံမူများ အခန်း(၁) ပုဒ်မ ၆ ပုဒ်မခွဲ(င)မှာပါတဲ့ လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက်ဆိုရင် အဂတိတရားကင်းစင်ရန် အလွန်ကိုအရေးကြီးပါတယ်ရှင်။ အဂတိလိုက်စားမှုသည် တရားဥပဒေနှင့်မညီသော

သို့မဟုတ် ကိုယ်ကျင့်တရားနှင့်မလျော်ညီသော အကျိုးအမြတ်များရရှိမှုအတွက် နိုင်ငံ့ဝန်ထမ်းများနှင့် စီးပွားရေးသမားများအကြား ပူးပေါင်းကာ လိမ်လည်ရန် ညှိနှိုင်းဆောင်ရွက်ခြင်းထက် များစွာပိုပါတယ်။ အစိုးရသစ်လက်ထက်မှာ နိုင်ငံကို ပြုပြင်ပြောင်းလဲရေးအတွက် ရှေ့သို့ အားသွန်ခွန်စိုက် လုပ်ဆောင်နေတဲ့အချိန်မှာ နောက်ကွယ်ကနေပြီးတော့ အချို့သော အကျင့်ပျက်နိုင်ငံ့ဝန်ထမ်းများကြောင့် လုပ်ငန်းတွေ နှောင့်နှေးမှုတွေ များစွာကြုံတွေ့နေရပါတယ်။ ခေါင်းဆောင်ပိုင်းသာ ပြောင်းလဲပြီး အောက်ခြေပိုင်းကတော့ အကျင့်ပျက်အဂတိလိုက်စားမှုတွေ ဆက်လက်ပြီးတော့ လုပ်ဆောင်နေမယ်ဆိုရင် ပြည်သူလူထုအနေနဲ့ ရေရှည်မှာအစိုးရအပေါ် စိတ်ပျက်ပြီးတော့လာပါလိမ့်မယ်။ ပြည်သူလူထုများမှ အားကိုးရာမဲ့ဖြစ်ပြီး အစိုးရအပေါ် နာကြည်းဒေါသများနှင့်အတူ အဆိုပါအစိုးရသည်လည်း ပြိုကျပျက်စီးသွားတတ်တယ်ဆိုတဲ့ သာဓကတွေရှေ့မှာ အများကြီးတွေ့ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၂)မှာပါတဲ့ ရည်ရွယ်ချက်တွေကတော့ အင်မတန်ကောင်းမွန်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းထားသော်လည်း ကော်မရှင်၏လုပ်ဆောင်မှုမှာ ထိရောက်မှု အကျိုးသက်ရောက်မှု အားနည်းနေတာကို ဝမ်းနည်းစွာ တွေ့မြင်နေရပါတယ်။ ကဏ္ဍပေါင်းစုံနှင့် အဂတိတရားဖြစ်သော လာဘ်ပေးလာဘ်ယူမှုတွေရှိနေပါသေးတယ်ရှင်။ သေးငယ်သော လာဘ်ပေးလာဘ်ယူမှုတွေရှိနေသလို တိုက်ရိုက်အဂတိလိုက်စားခြင်းနှင့် သွယ်ဝိုက်သောနည်းများဖြင့် အဂတိလိုက်စားခြင်းလည်း တွေ့ရပါတယ်။ ဥပမာ - မှတ်ပုံတင်၊ အိမ်ထောင်စုဇယားလုပ်တဲ့နေရာမှာ ၁၀၀၀၀၊ ၂၀၀၀၀၊ ၃၀၀၀၀ တောင်းခံနေခြင်းနဲ့ လက်ဖက်ရည်ဖိုးဆိုပြီး တောင်းခံနေခြင်းသည် ပြည်သူလူထုကို တိုက်ရိုက်ထိခိုက်နစ်နာစေပါတယ်။ အောက်ခြေဝန်ထမ်းမှစ၍ အထက်လူကြီးအတွက်ဆိုပြီး ဝေစုတွေ၊ ခွဲတမ်းတွေရှာပေးနေရတဲ့ သွယ်ဝိုက်သောနည်းလမ်းများနှင့် အဂတိလိုက်စားခြင်းသည် နိုင်ငံတော်နှင့် ပြည်သူ့ဘဏ္ဍာကို အလွဲသုံးစားလုပ်နေခြင်းဖြစ်ပါတယ်။ ဆိုးကျိုးတွေဆိုရင် သစ်ပင်၊ သစ်တောတွေ ဥပဒေမဲ့၊ စည်းကမ်းမဲ့ ခုတ်ထွင်ပေးခဲ့တာတို့၊ တရားမဝင်သစ်ရောင်းဝယ်မှုတွေကို မဟန့်တားနိုင်တာတို့၊ မသိကျိုးကျွန်ပြုနေ ခြင်းကြောင့် သစ်တော၊ သစ်ပင်ပြုန်းတီးလာခဲ့တာတို့ သစ်ပင်မရှိတော့တဲ့ ကျွန်မတို့နိုင်ငံတွေမှာ သဘာဝအဟာရ အတားတွေ နည်းပါးလာတဲ့အတွက် နိုင်ငံအနှံ့အပြားမှာ ဖြစ်ပေါ်နေတဲ့ ရေကြီးနစ်မြုပ်မှုတွေနဲ့ လာဘ်ပေးလာဘ်ယူမှု၊ အဂတိတရားများနှင့် ဆက်စပ်နေပါတယ်ရှင့်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင့်။ ယခု မျက်မှောက်မြန်မာနိုင်ငံမှာ အဂတိလိုက်စားမှုကို ထင်သာမြင်သာအောင် လည်း လုပ်ဆောင်နေကြပါတယ်။ အဂတိလိုက်စားခြင်းကို ရှက်စရာလို့မမြင်ဘဲ ဂုဏ်ယူစွာ ကျင့်ကြံနေကြပါတယ်။ အများအများကြာလာတော့ အမှန်ထင်၊ အမှန်တွေနည်းလာတော့ အများလို့ထင်တဲ့ခေတ်ဖြစ်နေပါပြီ။ နောင်အနာဂတ်လူငယ်တွေအတွက် အဂတိလိုက်စားခြင်းကို အတုမယူသင့်တဲ့ကိစ္စမျိုးကိုအားကျပြီး လိုက်နာကျင့်သုံးမှာကိုလည်း စိုးရိမ်မိပါတယ်။ ယခုတလောဖြစ်နေတဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်မှုကိုလည်း အဂတိတရားလေးပါးဖြစ်တဲ့ ချစ်၍အနိုင်ပေးခြင်း၊ မုန်း၍အရှုံးပေးခြင်း၊ ကြောက်၍အနိုင်ပေးခြင်း၊ အသိတရားမရှိ၍ အရှုံးအနိုင်ထင်သလို ပေးနေခြင်းတွေလည်း တွေ့ရှိနေရပါတယ်။ ကျွန်မတို့ရဲ့ အနာဂတ်မျိုးဆက်အတွက် အင်မတန်ရင်လေးစရာဖြစ်နေပါပြီ။ အဓိကကတော့ ပြစ်ဒဏ်တွေကို ပြည်သူများ၊ ဌာနဆိုင်ရာများမှာ ပွင့်လင်းမြင်သာထင်သာစွာ ဖော်ပြခြင်း၊ ရုပ်သံအစီအစဉ်တွေမှာရော၊ အသံလွှင့်ဌာနပါမကျန် ပြသသင့်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၁၀) ပုဒ်မ ၅၅၊ ပုဒ်မ ၅၈ တွေမှာ ပြစ်မှုများကို အတိအလင်းပြဋ္ဌာန်းထားပါသော်လည်း ထိရောက်စွာကိုင်တွယ်ခြင်းမရှိသေးပါဘူးရှင့်။ ပြစ်မှုထင်ရှားကြောင်းသိပါလျက်နဲ့ ရာထူးပြောင်း သို့မဟုတ် နေရာအပြောင်းအလဲသာ လုပ်ဆောင်သောကြောင့် ပိုမိုပြီး အဂတိလိုက်စားနိုင်စေတဲ့ အတွက် စားကျက်ပြောင်းပေးလိုက်တဲ့သဘောသာ ဖြစ်နေပါတယ်။ တကယ်တမ်းထိထိရောက်ရောက် ထောင်ဒဏ်၊ ဒီ့ထက်ပိုမိုပြင်းထန်တဲ့ပြစ်ဒဏ်မျိုးတွေရော ထိပ်တန်းရာထူးကြီးကြီးတွေအတွက်တော့ ပိုင်ဆိုင်မှုများကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းပြီးတော့ ထောင်ဒဏ်ပါပူးတွဲပြီး ပြစ်ဒဏ်ပေးသင့်ပါတယ်ရှင့်။ ဒါမှ တာဝန်ခံမှု၊ တာဝန်ယူမှုရှိကြောင်း နောင်လာနောက်သားတွေအတွက် နမူနာအဖြစ် ပြစ်ဒဏ်ပေးမှသာလျှင် နိုင်ငံအဝန်း အဂတိလိုက်စားမှု ထင်ရှားသိသာစွာလျော့ပါးသွားမည်ဖြစ်ကြောင်း တင်ပြရင်း မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကြွရောက်လာတဲ့ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မြောက်ဥက္ကလာပ

မဲဆန္ဒနယ် ဒေါက်တာသန်းဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို လျစ်လျူရှုထားခဲ့မယ်ဆိုလို့ရှိရင် အချိန်ကြာလာတာနဲ့အမျှ ပြည်သူတွေရဲ့ယုံကြည်မှုတွေ တဖြည်းဖြည်းလျော့ပါးသွားနိုင်တဲ့အတွက် အလွန်အန္တရာယ်ကြီးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒါကို စီမံချက်တွေ သေချာချပြီး လုပ်ဆောင်သွားသင့်ပါတယ်ခင်ဗျား။ စီရင်ထုံးတွေ၊ ဥပဒေတွေနဲ့ ဆွေးနွေးသွားချင်ပါတယ်။ ပြည်သူ့ဝန်ထမ်းများသည် ပြည်သူကပေးသော လစာကိုယူ၍ ပြည်သူ့အကျိုးပြုတာဝန်များကို ထမ်းဆောင်ကာ ပြည်သူ့အပေါ် သစ္စာတည်ကြရန်ဖြစ်သည်။ လစာကိုယူ အပ်နှင်းထားသောအခွင့်အာဏာများကို တာဝန်မဲ့ အလွဲသုံးစားလုပ်သော ပြည်သူ့ဝန်ထမ်းများသည် ကြီးလေးသောပြစ်မှုများကို ကျူးလွန်ကြသည်ဟု မှတ်ယူရမည်ဆိုပြီးတော့မှ ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့ရဲ့ ရာဇဝတ်အယူခံမှုအမှတ် (၁၉)၊ (၂၀)မှာ စီရင်ဆုံးဖြတ်ထားတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါအပြင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄ နှင့် ၁၆၅ အရလည်း ပြည်သူ့ဝန်ထမ်းများ တံစိုးလက်ဆောင်ယူခြင်းကို အရေးယူနိုင်အောင် သတ်မှတ်ပြဋ္ဌာန်းထားပြီးသားလည်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာလည်း ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေ၊ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ နိုင်ငံခြားငွေလဲလှယ်မှုကြီးကြပ်ရေးဥပဒေ၊ အရေးကြီးသောပစ္စည်းနှင့် ဆောင်ရွက်မှုဆိုင်ရာဥပဒေ စတဲ့ဥပဒေတွေကို ပြဋ္ဌာန်းပြီးတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဟန့်တားဖို့ ကြိုးစားဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဘက်ခေတ်မှာဆိုရင်တော့ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေကို ဖျက်သိမ်းပြီးတော့မှ ၂၀၁၃ ခုနှစ်မှာ ဥပဒေအမှတ်(၂၃) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို အသစ်ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါပေမဲ့ ဥပဒေပြဋ္ဌာန်းပြီး သုံးနှစ်ကျော်အတွင်းမှာ သိသိသာသာ တိုးတက်ပြောင်းလဲလာတာကို ကျွန်တော်တို့ တွေ့ရှိရခြင်းမရှိသေးပါဘူး။ ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေ၊ ချမှတ်ခဲ့တဲ့စီရင်ထုံးတွေကို လေ့လာကြည့်တဲ့အခါမှာ တိုင်ကြားလာမှုအပေါ်မှာသာ မူတည်ပြီးမှ အရေးယူဆောင်ရွက်တာကို တွေ့ရှိရတယ်။ ကျွန်တော်တို့ နိုင်ငံသားများဟာ အားနာတတ်တယ်၊ သနားတတ်တဲ့ အမူအကျင့်တွေရှိတဲ့အခါမှာကျတော့ အဂတိလိုက်စားမှုက မိမိရှေ့မှာဖြစ်ပျက်နေရင်တောင် တိုင်ကြားဖို့ ဝန်လေးတတ်ကြပါတယ်။ အဲဒီအခါကျတော့ အဂတိတိုက်ဖျက်ရေးလုပ်ငန်းစဉ်ဟာ လက်တွေ့မကျတော့ဘဲ ရေရှည်မှာအောင်မြင်မှုမရနိုင်ပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဌာနတွေ၊ ရုံးတွေမှာ လာဘ်ပေးလာဘ်ယူမှုတွေဟာ နေ့စဉ်လုပ်ငန်းဆောင်တာတစ်ခုလိုဖြစ်ပျက်နေတာ အားလုံးအသိပါ။ တရားဝင်ရပိုင်ခွင့်တစ်ခုလို လူမြင်ကွင်းမှာကို ပေါ်ပေါ်တင်တင်ညှိနှိုင်းပေးကမ်းနေကြတာပါ။ ဒီလိုကိစ္စမျိုးတွေက ထွေထွေထူးထူးတိုင်ကြားစရာမလိုပါဘူး။ ဌာနတစ်ခုကိုသွားလိုက်တာနဲ့ကိုမြင်ရကြားရကိစ္စတွေပါ။ ဒါကြောင့်မို့လို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ဖွဲ့စည်းထားတဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့အနေနဲ့ တိုင်ကြားလာမှမဟုတ်ဘဲနဲ့ ဒီလို နိစ္စဓူဝဖြစ်ပျက်နေတဲ့ကိစ္စတွေကအစ ပပျောက်ဖို့နည်းလမ်း ရှာဖွေဖော်ထုတ်ပြီးတော့မှ အရေးယူသင့်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်မှာလည်း ဒီလိုအဂတိလိုက်စားမှုတိုက်ဖျက်ရေးကိစ္စရပ်တွေကို ဆောင်ရွက်တဲ့အခါမှာ ဘာကြောင့်ကျူးလွန်ရတာလဲဆိုတဲ့ အကြောင်းအရင်းတွေ ရှာဖွေသုတေသနပြုလုပ်ပြီးတော့မှ ဘယ်လိုပံ့ပိုးမှုတွေ ဆောင်ရွက်ပေးရမှာလဲ၊ ဘယ်လိုဖြည့်ဆည်းမှုတွေဆောင်ရွက်ပေးမှာလဲဆိုတာ လုပ်ငန်းစဉ်သေချာချမှတ်ပြီးတော့မှ ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ အဲဒီလိုလုပ်ဆောင်တဲ့အခါမှာ လုပ်ငန်းစဉ်တွေ၊ ပံ့ပိုးမှုတွေ ပြုလုပ်ပေးသော်ငြားလည်းပဲ ထပ်ပြီးတော့မှ အချိန်ကာလတစ်ခုကို သတ်မှတ်ပြီးတော့ သတ်မှတ်ကာလကျော်လွန်လို့မှ ဆက်ပြီးလုပ်နေတယ်ဆိုရင် ချမှတ်ထားတဲ့ဥပဒေတွေနဲ့ ပြတ်ပြတ်သားသားအရေးယူဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖဆပလခေတ်မှာ Public Properties Prevention Police ဆိုတဲ့အဖွဲ့ကို ဖွဲ့စည်းပြီးတော့မှ လာဘ်ပေးလာဘ်ယူမှုတွေကို စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့တာကို ကျွန်တော်တို့ မှတ်သားရပါတယ်။ ဒီ PPPP လို့ခေါ်တဲ့အဖွဲ့ဟာ အစိုးရအမိန့်ပြန်တမ်းထုတ်ပြီးတော့ ဖွဲ့စည်းထားတဲ့အဖွဲ့ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ဖို့အတွက် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ (စစစ) ဆိုတဲ့အဖွဲ့ကို ဥပဒေပြဋ္ဌာန်းပြီးတော့မှ ဖွဲ့စည်းပြီး လာဘ်ပေးလာဘ်ယူမှုတွေကို ထိရောက်စွာကိုင်တွယ်ဖော်ထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ စသုံးလုံးရဲ့လုပ်ငန်းတွေက ၁၉၅၇ ခုနှစ်အထိသာလုပ်ဆောင်နိုင်ခဲ့ပြီး ဒီနောက်ပိုင်း လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတွေအတွက် သီးခြားအဖွဲ့ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့တာကို မတွေ့ရှိရတော့ပါဘူး။ ကျွန်တော်တို့ လေ့လာသိရှိရသလောက် အဲဒီနောက်ပိုင်းကစလို့ အဂတိလိုက်စားမှုတွေကို ထိန်းကျောင်းအရေးယူတာ ထိထိရောက်ရောက်မရှိတော့ဘဲ တိုင်းပြည်ရဲ့ဘဏ္ဍာငွေတွေပြုန်းတီး၊ လူတွေရဲ့အကျင့်စာရိတ္တတွေ ပျက်ပြားလာခဲ့တာတွေ တွေ့ရပါတယ်။

ကျွန်တော့်မဲဆန္ဒနယ်အပေါ်မှာအခြေခံပြီး ဆွေးနွေးရမယ်ဆိုလို့ရှိရင် ပညာရေးဌာနကနေပြီးတော့ တင်ဒါချပေးထားတဲ့ကျောင်းတွေရှိပါတယ်။ ဒီကျောင်းတွေဟာ အရည်အသွေးမပြည့်မီတဲ့

အတွက် ဆောက်လုပ်တဲ့ကုမ္ပဏီတွေကို တွေ့ပြီးတော့မှ ဆွေးနွေးတယ်။ အရည်အသွေးပြည့်မီအောင် ဆောက်လုပ်ပေးပါလို့ ပြောတယ်။ သို့သော်ငြားလည်းပဲ ယနေ့အချိန်ထိ ပြန်လည်ဆောက်လုပ်ပေးတာ မရှိတဲ့အခါမှာ ဒါဟာဥပဒေသဘောအရဆိုလို့ရှိရင် တင်ဒါချပေးကတည်းက စာချုပ်ရှိပါတယ်။ အဲဒီ စာချုပ်ပါအတိုင်း အချက်အလက်တွေအပေါ်မှာ စာချုပ်ပါစည်းကမ်းအတိုင်းမလိုက်နာဘူးဆိုလို့ရှိရင် အရေးယူဆောင်ရွက်ပါ့မယ်။ အဲဒီနေရာမှာ တင်ဒါချပေးတဲ့ အဖွဲ့အစည်းကနေပြီးတော့မှ တရားလို ပြုလုပ်ပြီး ဆောင်ရွက်ရပါမယ်။ တရားစွဲဆိုရပါမယ်။ ဒါပေမဲ့ ဒီလိုလုပ်ဆောင်တာ ယနေ့အချိန်အထိ မတွေ့ရတဲ့အခါမှာ ကျွန်တော်တို့ စဉ်းစားစရာအချက်တွေ ဖြစ်လာပါတယ်။ နောက်တစ်ခု ထပ်ပြောဖို့ ရှိတာက ယဉ်မောင်းလိုင်စင်တွေလုပ်ပေးတဲ့နေရာမှာ ကျွန်တော်တို့ရွှေကျင်မြို့နယ်မှာ ကညန ကနေပြီးတော့မှ တရားဝင်ကောက်ခံတာက ၆၀၀၀ ကျပ်။ နောက် ဦးစီးဦးဆောင်ပြီးလုပ်တဲ့ပုဂ္ဂိုလ် တွေက ကျပ် ၃၀၀၀ ပိုပြီးကောက်ပါတယ်။ ဒါကို ကျွန်တော်တို့က ပြည်ထောင်စုဝန်ကြီးအထိ ပြောကြားတဲ့အခါမှာ ကျပ် ၃၀၀၀ တော့ ပြန်အမ်းတယ်။ ဒါပေမဲ့ ဒီကိစ္စကို ဆက်လက်ပြီးအရေးယူ ဆောင်ရွက်တာကိုတော့ တွေ့ရှိရခြင်းမရှိဘူး။ အဲဒီတော့ ပြန်ပေးတယ်ဆိုသော်ငြားလည်းပဲ ဒါဟာ ပြစ်မှု ကျူးလွန်တာက ကျူးလွန်တာပါပဲ။ ဒီအပေါ်မှာ ပြန်ပေးတယ်ဆိုတဲ့အတွက် ပြီးသွားတယ်ဆိုတာမျိုး မဟုတ်ဘဲနဲ့ ဒါဟာ ပညာပေးကာလမို့လို့လား၊ ဘာကြောင့်မို့လို့လဲဆိုတာကို ကျွန်တော် ပြတ်ပြတ် သားသား တိတိကျကျသိချင်ပါတယ်။ သိဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် နိုင်ငံအတွက် အန္တရာယ်အလွန်ကြီးမားတဲ့ တိုင်းသူ ပြည်သားတွေက ယုံကြည်မှုကင်းမဲ့လာနိုင်တဲ့ အဂတိတရားလိုက်စားမှုတိုက်ဖျက်ရေးကို ထိထိ ရောက်ရောက်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်လို့ တိုက်တွန်းရင်း ဒေါက်တာသန်းဝင်း မြောက်ဥက္ကလာပမဲဆန္ဒနယ်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ မြောက်ဥက္ကလာပမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ

သန်းဝင်း တင်သွင်းတဲ့ နိုင်ငံအဝန်းအဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေး အတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရကို တိုက်တွန်း ကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ထက်အရင်ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးသွားပုံကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံတစ်ဝန်းလုံးမှာ အဂတိလိုက်စားမှုများဟာ ပုံစံအမျိုးမျိုး၊ နည်းအမျိုးမျိုးနဲ့ ကြီးမားစွာ အမြစ်တွယ်နေပြီဆိုတာ သိသာလှပါတယ်။ ကျွန်တော်တို့သွားနေတဲ့ အဓိကရည်ရွယ်ချက်ဟာ စစ်မှန် သောဒီမိုကရေစီစနစ်ကိုဖော်ဆောင်ပြီး အခြေခံလူ့အခွင့်အရေးတွေ အပြည့်အဝရရှိဖို့နဲ့ တန်းတူညီမျှ တဲ့အခွင့်အရေးတွေ ရရှိဖို့ပဲဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူလူထုတစ်ရပ်လုံးကို တရားမျှတတဲ့၊ အကာ အကွယ်ပေးနိုင်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာဖို့ကို ဦးတည်ပြီး ဖော်ဆောင်နေတာဖြစ်ပါတယ်။ အဲဒီလို နိုင်ငံရဲ့အနာဂတ်ကို အကောင်းဆုံးပုံဖော်ပေးနေတဲ့နေရာမှာ အဓိကအကြီးမားဆုံး စိန်ခေါ်မှု ကြီးကတော့ လူ့အသိုင်းအဝိုင်းတစ်ခုလုံးမှာ နှစ်ပေါင်းမြောက်မြားစွာက အမြစ်တွယ်ပေါ်လာခဲ့တဲ့ အဂတိလိုက်စားမှုပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တွေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေတွေ အမျိုးမျိုးချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ခဲ့သော်လည်းပဲ အောင်မြင်မှုမရှိခဲ့တာကို ကျွန်တော်တို့အသိပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နှစ်ပေါင်းမြောက်မြားစွာ အမြစ်တွယ်လာခဲ့တဲ့ အဂတိလိုက်စားမှုကိုကျဆင်းအောင် အကောင်အထည်ဖော်တဲ့နေရာမှာ တရား ဥပဒေစိုးမိုးရေးဟာလည်း အဓိကပါဝင်နေတာကို သိရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ဥပဒေ တွေကို လေ့လာကြည့်တဲ့နေရာမှာ တရားမျှတတဲ့ဥပဒေတွေက အင်မတန်နည်းပြီးတော့မှ အဂတိ လိုက်စားမှုကို အားပေးနေတဲ့ ဥပဒေတွေကို တွေ့ရှိနေရပါတယ်။ ဒါတွေကြောင့်မို့လို့ တရားမျှတပြီး လွတ်လပ်မှုကင်းတဲ့တရားစီရင်ရေးစနစ်ထူထောင်ဖို့ဆိုရာမှာလည်းပဲ ဘယ်လိုမှဖြစ်နိုင်ဦးမှာ မဟုတ်ပါ ဘူး။ ဥပမာတစ်ခုပြောရရင် ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ စည်ပင်သာယာဥပဒေပုဒ်မ ၈၅ မှာဆိုလို့ရှိရင် မည်သူမဆို ခွင့်ပြုချက်မရရှိဘဲ သိုး၊ ဆိတ်၊ ဝက်ကို သတ်ဖြတ်မယ်ဆိုပါက ပြစ်မှု ထင်ရှားကြောင်း စီရင်ခြင်းခံရမည်ဆိုပါက ခြောက်လထက်မပိုသောထောင်ဒဏ် သို့မဟုတ် အနည်းဆုံး ငွေဒဏ် ၅၀၀၀ မှ အများဆုံးငွေဒဏ် ၅၀၀၀၀ ထိလည်းကောင်း၊ ဒဏ်နှစ်ရပ်လုံးကိုသော် လည်းကောင်း ချမှတ်နိုင်တယ်လို့ ဆိုထားပါတယ်။ အဲဒီလိုဥပဒေပုဒ်မမျိုးမှာဆိုလို့ရှိရင် အဂတိလိုက် စားမယ့်တရားသူကြီးတွေ၊ အဂတိလိုက်စားမယ့်ဝန်ထမ်းတွေနဲ့ တွေ့ရှိပါက ငွေပေးတဲ့သူဆိုလျှင်

ငွေဒဏ်သာချပြီးတော့မှ ငွေမပေးသောသူဖြစ်ပါက ခြောက်လထက်မပိုသော ထောင်ဒဏ်ကိုချမှတ်ပြီးတော့မှ ဥပဒေနှင့်အညီ အဂတိလိုက်စားနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒီလို ငွေဒဏ်နှင့် ထောင်ဒဏ်နှစ်မျိုးလုံးချမှတ်နိုင်သော ဥပဒေများကို ကြည့်မယ်ဆိုပါက အဂတိလိုက်စားမှုကို အားပေးသောဥပဒေများဖြစ်ကြောင်းကို တွေ့ရှိနေရပါတယ်။

အဂတိလိုက်စားမှုပပျောက်နိုင်ဖို့ဆိုရာမှာ အရေးကြီးဆုံးကတော့ ဥပဒေတွေကောင်းဖို့၊ တိကျပြတ်သားဖို့ အဓိကဖြစ်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ နောက်တစ်ချက် တင်ပြလိုတာကတော့ ဥပဒေတွေ မည်မျှပင်ကောင်းကောင်း ဥပဒေကို ကိုင်တွယ်ကျင့်သုံးနေတဲ့ ဌာနဆိုင်ရာဝန်ထမ်းအနေနဲ့ ဆင်ခြင်တုံတရားရှိရှိ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ပြည်သူကိုမျက်နှာမူပြီး တရားမျှတတဲ့ ကိုယ်ချင်းစာနာစိတ်မွေးဖို့ဟာလည်းပဲ အဓိကအရေးကြီးပါတယ်။ တချို့သောဝန်ထမ်းတွေဟာ ပြစ်မှုတွေ၊ မှုခင်းတွေကို ဖော်ထုတ်အရေးယူရမယ့်အစား ပြစ်မှုကျူးလွန်သူများနှင့် ပါဝင်ပတ်သက်နေကြပြီး ပြစ်မှုကျူးလွန်သူများကို ကူညီပံ့ပိုးကာကွယ်ပေးနေတာကို သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ပြစ်မှုကျူးလွန်သူတွေဟာ အင်မတန်အတင့်ရဲ လာတာကိုလည်း ကျွန်တော်တို့ တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ အဂတိလေးပါးကင်းစေဖို့ဆိုရာမှာ လူရော၊ မူပါနှစ်မျိုးလုံးလိုအပ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။

ယခု ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေမှာ အစိုးရအဖွဲ့ဝင်တွေနဲ့ ထိပ်ပိုင်းအဖွဲ့ဝင်တွေ ပြောင်းလဲမှုရှိနေသော်လည်းပဲ အစိုးရရဲ့ Policy တွေ၊ မူဝါဒတွေကို အကောင်အထည်ဖော်နေတဲ့ နိုင်ငံ့ရဲ့ယန္တရား ဝန်ထမ်းအဖွဲ့အစည်းအားလုံးဟာ အပြောင်းအလဲနဲ့အတူ လိုက်ပါပြောင်းလဲတဲ့သူတွေရှိသလို အပြောင်းအလဲကို မလိုလားဘဲ ယခင်ခေါက်ရိုးအတိုင်း သွားနေတဲ့လူတွေလည်းပဲ အများအပြားကျန်နေဆဲပဲဖြစ်ပါတယ်။ ယခင်အခွင့်ထူးခံခဲ့ကြပြီး ယခုအစိုးရလက်ထက်ကျမှ အခွင့်အရေးတွေလွှတ်လိုက်ရမှာကို ကြောက်ရွံ့နေသူတွေလည်းပဲ ဒုနဲ့ဒေးပဲဖြစ်ပါတယ်။ အဲဒါတွေကိုလည်းပဲ ကျွန်တော်တို့ရဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကြီး ဒေါ်အောင်ဆန်းစုကြည်ပြောသလို ဝန်ထမ်းတွေကို ဖြုတ်ပစ်ဖို့မဟုတ်ပါဘူး။ ပူးပေါင်းဆောင်ရွက်ကြပါ။ လက်တွဲခေါ်ကြပါ။ လက်တွဲခေါ်လို့မှမရရင်တော့ လက်တွဲ ဖြုတ်ပေးရမှာပဲလို့ပြောသလို ပြည်သူ့ဝန်ထမ်းများအနေနဲ့ ပြည်သူတွေကို ဝန်ဆောင်မှုအပြည့်အဝပေးဖို့ လက်တွဲခေါ်ရမှာဖြစ်သလို လက်တွဲခေါ်လို့မှမရဘူးဆိုရင်လည်း လက်တွဲဖြုတ်ပြီးတော့မှ ထိထိရောက်ရောက်အရေးယူသွားရမှာဖြစ်ပါတယ်။ အဂတိလိုက်စားမှုတွေကို လေ့လာကြည့်မယ်ဆိုရင် စီးပွားဖြစ်အဂတိလိုက်စားမှုနဲ့ မိမိရဲ့ဘဝရပ်တည်ရေးအတွက် အထောက်အကူရဖို့

အဂတိလိုက်စားမှုနှစ်မျိုးကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ စီးပွားဖြစ်အဂတိလိုက်စားမှုတွေကတော့ ဌာနဆိုင်ရာအကြီးအကဲတွေ၊ ငွေဂုဏ် ခနဂုဏ်ရှိတဲ့လူတွေဟာ အဂတိလိုက်စားမှုအမျိုးမျိုးကို ကျူးလွန်နေတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဟိုနေရာမှာ ဇီးသီးဗန်းမှောက်လိုက်၊ ဒီနေရာမှာ ငှက်ပျောသီးတောင်းမှောက်လိုက် အကြီးအကျယ်အဂတိလိုက်စားနေတာကို ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။ အဲဒီလိုအဂတိလိုက်စားမှုတွေကို ကျွန်တော်တို့အနေနဲ့ တိတိကျကျဖော်ဆောင်ပြီးတော့မှ အရေးယူဖို့ဟာ အင်မတန်မှ အရေးကြီးလှပါတယ်။ ကျွန်တော်တို့မိသားစုဘဝအတွက် အထောက်အကူရဖို့ အဂတိလိုက်စားနေတဲ့ သူတွေကတော့ အခြေခံလူတန်းစားနဲ့ ကျေးလက်နေပြည်သူများပဲ ဖြစ်ပါတယ်။ သူတို့တွေကတော့ ရဲစခန်းကို အကူအညီလိုလို့ပဲသွားသွား၊ ကျန်းမာရေးအတွက် ဆေးရုံကိုပဲသွားသွား၊ မိမိလယ်ယာမြေကိစ္စအတွက် မြေစာရင်းကိုပဲသွားမလား ဒါမှမဟုတ်ဘူးဆိုလို့ရှိရင် ဘယ်နေရာသွားသွား အဂတိလိုက်စားမှုတွေနဲ့ တွေ့ကြုံနေရတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီရရှိဖို့အတွက် သွားလာနေတဲ့နေရာမှာ ဒီလိုအဂတိလိုက်စားမှုတွေ များနေမယ်ဆိုရင် အိတ်ပေါက်နဲ့ဖားကောက်သလို ခရီးမရောက်ဘဲဖြစ်နေမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒေါက်တာသန်းဝင်းရဲ့ အဂတိလိုက်စားမှုကျဆင်းရေးကို ထိထိရောက်ရောက်ဖြေရှင်းဆောင်ရွက်ရေးအဆိုကို အလေးအနက်ထောက်ခံပါကြောင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းရဲ့အဆိုကို ထောက်ခံမယ့် မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လာဘ်ပေးလာဘ်ယူအဂတိလိုက်စားမှုသည် ဝန်ထမ်းများအချင်းချင်းကြား၊ ဝန်ထမ်းနှင့် ပြည်သူလူထုကြား မိမိကိစ္စအဆင်ပြေစေရေးအတွက် ရွှေ၊ ငွေပစ္စည်း အပေးအယူလုပ်ကြတဲ့သဘော ဖြစ်နေပါတယ်။ ဒါကိုကြည့်ရင် အဂတိလိုက်စားမှုကျဆင်းရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုကြား ဆက်စပ်လျက်ရှိနေပြီး ယင်းအစုအဖွဲ့များ၏ စိတ်ပိုင်းဆိုင်ရာ ခံယူချက်၊ လုပ်ဆောင်ချက်နှင့် ဥပဒေစည်းမျဉ်းစည်းကမ်းအပေါ် သုံးသပ်ရေးအဆိုကို ထောက်ခံဆွေးနွေးလိုပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရပိုင်းနှင့်ပတ်သက်ပြီး သုံးသပ်ရမယ်ဆိုရင် အစိုးရသည် ဝန်ထမ်းများ အဂတိလိုက်စားမှုပြုလုပ်ခြင်းနှင့်ပတ်သက်၍ တိကျသောဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားပြီးဖြစ်သော်လည်း လက်တွေ့ထိရောက်စွာ ဆောင်ရွက်နိုင်မှုအားနည်းနေကြောင်းကို တွေ့ရှိရပါတယ်။ အဲဒါကြောင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူအပြစ်ပေးခြင်းမျိုး ဆောင်ရွက်ရမည်ဖြစ်သလို တစ်ဖက်မှလည်း နိုင်ငံ့ဝန်ထမ်းများကို ရာထူးအဆင့်အလိုက် ခေတ်နှင့် လျော်ညီထိုက်သင့်သောလစာနှင့် အဆောင်အယောင်များကိုလည်း စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။ ၎င်းအပြင် ဝန်ထမ်းများ၏ သားသမီးများ မည်မျှအရေအတွက်ကို ပညာသင်ထောက်ပံ့မှုကို မည်ကဲ့သို့ တာဝန်ယူပေးမည်ဆိုသည့်အချက် သတ်မှတ်ပြဋ္ဌာန်းပေးသင့်ပါသည်။ ၎င်းနောက် ဝန်ထမ်းများ၏ အလိုအပ်ဆုံးကိစ္စဝန်ဆောင်မှုများကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။ ဥပမာ- နေအိမ်၊ ရုံးသွား/ရုံးပြန်ကိစ္စ။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများအပိုင်းနှင့် ပတ်သက်ပြီး သုံးသပ်ရမယ်ဆိုရင် နိုင်ငံ့ဝန်ထမ်း ဝင်လုပ်ပြီဆိုရင် လောဘစိတ်ကိုထိန်းနိုင်ရမည်။ မိမိဝင်လုပ်မည့်ရာထူးနှင့် ရရှိမည့် လစာကို ကြိုသိပြီးသားဖြစ်တဲ့အတွက် မိမိပတ်ဝန်းကျင်ပြောင်းလဲလာမှုကြောင့် လိုချင်တပ်မက်မှုများလာခြင်းနှင့် မိသားစုများလာမှုကြောင့် လစာမလုံလောက်လာပါက မိမိဌာနမှ အလုပ်ထွက်ပြီး အပြင်စီးပွားရေးလုပ်ဖို့ စဉ်းစားရမည်။ ၎င်းအပြင် မိမိရရှိမည့်လစာအပေါ်အခြေခံစဉ်းစားပြီး သားသမီးရယူရေးစဉ်းစားရမည်။ ဝန်ထမ်းသည် မိမိဌာနအတွက်လည်းကောင်း၊ မိမိနှင့် ဆက်စပ်သော ပြည်သူလူထု၏ကိစ္စရပ်များကိုလည်းကောင်း ရုံးချိန်အတွင်းဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု အမြဲနှလုံးသွင်းဆောင်ရွက်ရမည်ဖြစ်သလို နိုင်ငံတော်အဆင့်အကြီးအကဲများနှင့် နိုင်ငံ့ဝန်ထမ်းအကြီးအကဲများအားလုံးကလည်း နိုင်ငံနှင့်ပြည်သူအပေါ်မှာ မေတ္တာထားရမည်။ သစ္စာရှိရမည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူအများရဲ့စိတ်နေစိတ်ထားကို ပြောရမယ်ဆိုရင် မိမိရှေ့ကလူ ဘာတွေလုပ်သလဲဆိုတာကြည့်ပြီး အတုမြင်အတတ်သင်တတ်တဲ့သဘောရှိသလို ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားတော့ နောက်နွားတစ်သိုက်ဖြောင့်ဖြောင့်လိုက်၏ဆိုတဲ့ မြန်မာ့ဆိုရိုးစကားလည်းရှိသဖြင့် အထက်လူကြီးများ ခေါင်းလုံအောင်နေတတ်ဖို့ အလွန်အရေးကြီးပါကြောင်း အထက်တွင်တင်ပြသွားသော အချက်အလက်များသည် အဂတိလိုက်စားမှုကျဆင်းရေး၏ အဓိကအကြောင်းအရင်းများဖြစ်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရရှိပြီး ပါလီမန်ဒီမိုကရေစီအစိုးရခေတ်ကာလ၌ အာရှကမ္ဘာ့နိုင်ငံမှာ ဖွံ့ဖြိုးတဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း၊ ဝန်ထမ်းများလည်း ဂုဏ်သိက္ခာရှိခဲ့ကြောင်း ရှေ့မီနောက်မီသက်ရှိထင်ရှားလူကြီးများရဲ့ ပြန်တမ်းတသတိရပြောစကားများကို လွှတ်တော်ကိုယ်စားလှယ်တိုင်း ကြားဖူးကြမှာပါ။ အခုတော့ ဆန့်ကျင်ဘက်ဖြစ်နေပါပြီ။ ကမ္ဘာမှာ အဆင်းရဲဆုံးနိုင်ငံ၊ အဂတိလိုက်စားမှုအများဆုံးနိုင်ငံ၊ နိုင်ငံတော်ရဲ့ ဘတ်ဂျက်လိုငွေ နှစ်စဉ်ပြနေတဲ့နိုင်ငံ၊ ကုန်ကုန်ပြောရရင် အာဆီယံ ၁၀ နိုင်ငံမှာတောင်မှ နောက်ဆုံးအဆင့်မှာ ရောက်နေတယ်ဆိုတာ ကမ်းကုန်နေပြီမဟုတ်လား။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံ ဒီဘဝ၊ ဒီအဆင့်မှ ရုန်းထွက်နိုင်ဖို့အတွက် တက်ညီလက်ညီကြိုးစားကြဖို့တော့ အင်မတန်အရေးကြီးနေပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအဝန်း အဂတိလိုက်စားမှုလျှော့ချနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအားလုံးကို စီမံချက်ချမှတ်ဆောင်ရွက်စေပြီး အဂတိလိုက်စားမှုလျော့လာမှုအခြေအနေကို တစ်နှစ်တစ်ကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအား အဆင့်သတ်မှတ်ကြေညာပေးကာ ဆုပေး၊ ဒဏ်ပေးခြင်းမျိုးကို နိုင်ငံတော်သမ္မတမှ စီမံဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂-၈-၂၀၁၆ ရက်နေ့ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏ အဆိုပြုချက်သည် ယနေ့လက်ရှိ မြန်မာနိုင်ငံ၌ အမြန်ဆုံးဖြေရှင်းဆောင်ရွက်ရန် လိုအပ်နေသော အမှန်အကန်အဆိုဖြစ်ပါသောကြောင့် ဥက္ကဋ္ဌရှေ့မှောက် ယင်းအဆိုကို ကျွန်တော် လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဟိန်း(တနင်္သာရီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြောက်ဥက္ကာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းရဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဆွေးနွေးခဲ့သလို ကျွန်တော်တို့နိုင်ငံရဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍအသီးသီးဟာ အဂတိလိုက်စားမှုများကြောင့် အဖက်ဖက်က ယိုယွင်းနေပြီး ပြည်သူတွေရဲ့အားကိုးယုံကြည်မှုလျော့နည်းနေတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရအဆက်ဆက်ရင်ဆိုင်ခဲ့ရတဲ့ မူးယစ်ဆေးဝါးပြဿနာဟာလည်း အဂတိလိုက်စားမှုများကြောင့် အခုအချိန်မှာ အရင်ကထက်တောင် ပိုမိုဆိုးရွားကျယ်ပြန့်နေတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့်ဆိုရရင် မူးယစ်ဆေးဝါးရောင်းဝယ်သော တရားခံတစ်ဦးကို ဖမ်းဆီးရာမှာ ဖမ်းဆီးရမိသောပစ္စည်းများကို ရှာဖွေပုံစံတွင် အပြည့်အဝဖော်ပြခြင်းမရှိဘဲ တရားခံ၏လက်စွပ်မှာ စခန်းမှူး၏လက်ခလယ်သို့ရောက်ရှိနေသောဖြစ်ရပ်များ ဒါ့အပြင် မြေယာစီမံခန့်ခွဲမှုအဖွဲ့များမှ ဥပဒေရဲ့အားနည်းချက်ကို အကာအကွယ်ယူ၍ ငါ့ကိုငွေတစ်သိန်းပေးရင် အမှုနိုင်စေရမယ်။ နှစ်သိန်းပေးရင်နိုင်စေရမယ်ဆိုသောဖြစ်ရပ်များကိုလည်း ယနေ့တိုင်ကြားသိနေရဆဲဖြစ်ပါတယ်။ အဂတိတရားလေးပါးဖြစ်သော ဘယာဂတိ၊ ဆန္ဒာဂတိ၊ ဒေါသဂတိ၊ မောဟဂတိတို့ကို တစ်နည်းနည်းဖြင့် ကိုယ်ကျိုးအတွက်အသုံးပြုခဲ့ရင် အဂတိလိုက်စားခြင်းဖြစ်ပါတယ်။ အဖွဲ့အစည်းဌာနတစ်ခုသော်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံရဲ့အရေးပါသောတာဝန်ဝတ္တရားများကို ထမ်းဆောင်ရသောသူများသည်လည်းကောင်း၊ အများအကျိုးထက် ကိုယ့်ကျိုးစီးပွားအတွက်ကိုရှေ့တန်းတင်ကာ မိမိရဲ့လုပ်ပိုင်ခွင့်နှင့်အာဏာအားမလျော်ဩဇာသုံးစွဲ၍ ကိုယ်ကျိုးရှာခြင်း၊ လာဘ်ပေးလာဘ်ယူမှုကျူးလွန်ခြင်းသည် အဂတိလိုက်စားခြင်းဖြစ်ပါတယ်။ အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး ဆွေးနွေးငြင်းခုံတာတွေဟာ အရင်ကထက် ပိုမိုကျယ်ပြန့်လာနေတာဟာလည်းပဲ ဝမ်းသာကြိုဆိုကြရမှာဖြစ်ပါတယ်။ ဒီပြဿနာကို ကျွန်တော်တို့အားလုံး ဝိုင်းဝန်းအဖြေရှာကြရမှာဖြစ်ပါတယ်။ တချို့ကတော့ အဂတိလိုက်စားမှုက တရားဥပဒေစိုးမိုးမှုမရှိလို့ဖြစ်ရတယ်လို့ဆိုပါတယ်။ ဥပဒေတွေဟာ လူအများစုအတွက်သာဖြစ်နေပြီးတော့ လူအနည်းစုကလွတ်နေတဲ့အတွက် အခုလိုဖြစ်လာတာလို့လည်းဆိုပါတယ်။ အဂတိလိုက်စားမှုဟာ လုပ်ပိုင်ခွင့်ရှိသူတွေကြောင့်ဖြစ်တယ်ဆိုတဲ့အချက်ကိုလည်း ထည့်သွင်းစဉ်းစားကြရမှာဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ နိုင်ငံ့ဝန်ထမ်းတွေရဲ့ လစာနည်းပါးမှုအပြင် ကုန်စျေးနှုန်းကြီးမြင့်နေတဲ့အချက်ဟာလည်း အဂတိလိုက်စားမှုဖြစ်ပေါ်စေဖို့ အကြောင်းတရားတစ်ခုဖြစ်ပါတယ်။ စားဝတ်နေရေးပြေလည်မှ လာဘ်မစားဘူးဆိုတာဟာလည်း ရာနှုန်းပြည့်မှန်ကန်မှုတော့မရှိပါဘူး။ စင်ကာပူလိုအလုပ်အကိုင်အာမခံချက်ရှိတဲ့ အစိုးရဌာနတွေမှာတောင် လစ်ရင်လစ်သလိုလုပ်ကြပါတယ်။ ဒါပေမဲ့ ဒီနိုင်ငံဘာကြောင့် အဂတိလိုက်စားမှုအနည်းဆုံးဖြစ်နေတာလဲဆိုတာကတော့ အဓိကအားဖြင့် ပြဋ္ဌာန်း

ထားတဲ့ဥပဒေနှင့်အညီ စောင့်ကြည့်စစ်ဆေးတဲ့အဖွဲ့အစည်းတွေ ကောင်းမွန်အားကောင်းလို့ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရမဟုတ်သော ပြင်ပစောင့်ကြည့်အဖွဲ့အစည်းများ အားကောင်းလာစေဖို့ အစိုးရအနေနဲ့ အားပေးကူညီဖို့ လိုအပ်မှာဖြစ်ပါတယ်။ နောက်တစ်ချက်က ခေတ်မီနည်းပညာတွေကို အသုံးပြုဖို့လိုအပ်ပါတယ်။ ဒီအပိုင်းက အတော်ကလေးကျယ်ပြန့်ပါတယ်။ ခေတ်မီနည်းပညာတွေက လာဘ်ယူမယ့်ဝန်ထမ်းနဲ့ Customer တို့ မျက်နှာချင်းဆိုင်မဆုံတွေ့နိုင်အောင် ကူညီပေးကြမှာဖြစ်ပါတယ်။ ယူသူနဲ့ပေးသူအပြင်မှာမတွေ့ကြရင် ညှိနှိုင်းလို့မရတော့ပါဘူး။ မရတော့ လာဘ်ပေးလာဘ်ယူမှုလုပ်လို့မရတော့ပါဘူး။ ဥပမာအားဖြင့် Online ဝန်ဆောင်မှုစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်လုပ်ဆောင်ပေးဖို့လိုအပ်မှာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာကျဆင်းလျော့ပါးစေရန်အတွက် (၁) တရားဥပဒေစိုးမိုးမှုရှိရပါမယ်။ (၂) အဂတိလိုက်စားမှုပြုလုပ်ပါက မည်သူ့ကိုမဆို ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ (၃) နိုင်ငံ့ဝန်ထမ်းများအား သင့်တင့်မျှတသောလုပ်ခလစာရရှိစေရန်နှင့် (၄) ကုန်စျေးနှုန်းများတည်ငြိမ်ရေးအတွက် နိုင်ငံတော်အစိုးရမှ အလေးထားဆောင်ရွက်ပေးပါရန် ဖြည့်စွက်အကြံပြုရင်း မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းရဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က တင်သွားထားတဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုများထင်ရှားသိသာစွာကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံရင်း အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအများစုမှာ အဂတိလိုက်စားမှုကို ရင်ဆိုင်ကြုံတွေ့နေကြရတာ အားလုံးအသိပဲဖြစ်ပါတယ်။ နိုင်ငံနှင့်အများအကျိုးအတွက် ပေးအပ်ထားတဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်တွေကို မိမိအကျိုးအမြတ်အတွက် အသုံးပြုလာခြင်းကြောင့် အဂတိလိုက်စားမှုဖြစ်လာရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာကတော့ အဂတိလိုက်စားမှုဟာ အမြစ်တွယ်နေပြီး ယဉ်ကျေးမှုတစ်ခုလိုပင် ဖြစ်နေပါတယ်။ တာဝန်ရှိသူတွေကလည်း တောင်းယူရမှာဝန်မလေးသလို ပြည်သူတွေကလည်း အလုပ်ကိစ္စတစ်ခုပြီးမြောက်အောင်မြင်ဖို့ ပေးရမယ်ဆိုတဲ့အသိဝင်နေတာက အဂတိလိုက်စားမှုကို အားကောင်းအောင်တွန်းပို့နေသလို အင်မတန်မှဆိုးရွားလှပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အဂတိလိုက်စားမှုလျော့နည်းလာစေရန် ဥပဒေပြဋ္ဌာန်းခြင်း၊ ကော်မတီဖွဲ့ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း စသဖြင့်ဆောင်ရွက်ခဲ့သော်လည်း ထိထိရောက်ရောက်အောင်မြင်အောင် ယနေ့အထိ မလုပ်ဆောင်နိုင်တာတွေ့ရပါတယ်။ ကမ္ဘာ့ဘဏ်ကလည်း မြန်မာနိုင်ငံကို လေ့လာရာမှာ စီးပွားရေးလုပ်ငန်းသာမက တရားစီရင်ရေးကဏ္ဍတွေမှာပါ အဂတိလိုက်စားမှုရှိနေကြောင်းဖော်ပြထားပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေးအကျိုးအမြတ်ရဖို့ အခွင့်အလမ်းပိုများလာလေ အဂတိလိုက်စားမှုပိုမိုကြီးမားလာလေကြောင့် အစိုးရအဖွဲ့အစည်းတွေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေနဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ်မှာ ကြီးမားတဲ့ဆိုးကျိုးတွေကို ဖြစ်ပေါ်လာနိုင်စေပါတယ်။ အဂတိလိုက်စားမှုကို လျော့နည်းပပျောက်အောင် လုပ်ဆောင်ရာမှာ ဥပဒေပြဋ္ဌာန်းရုံ၊ ကော်မတီဖွဲ့ရုံနဲ့ မအောင်မြင်နိုင်ပါဘူး။ ဒီဥပဒေကို တကယ်အသက်ဝင်လှုပ်ရှားနိုင်အောင် အဖက်ဖက်ကတာဝန်ရှိပုဂ္ဂိုလ်တွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပြည်သူလူထုကိုယ်တိုင်က ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ပါတယ်။ အားလုံးမှာ တာဝန်ရှိနေတာပါ။ အစိုးရအနေနဲ့လည်း အခွန်အကောက်တွေကို အလေအလွင့်မရှိအောင် စနစ်တကျစီမံခန့်ခွဲလုပ်ဆောင်ရန်လိုအပ်ပြီး စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းတွေကို အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလွှာအသီးသီးမှာ စားဝတ်နေရေးက အလွန်အင်မတန်အရေးကြီးပါတယ်။ စားဝတ်နေရေးအပြင် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး အားလုံးအတွက် မိသားစုတစ်ခုရပ်တည်နိုင်ရေးအတွက် ဝင်ငွေလိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ အဆင်ပြေချောမွေ့စွာအလုပ်လုပ်ကိုင်နိုင်ရေးအတွက် အဆင့်အတန်းနှင့်အညီ လုံလောက်သော လစာရရှိရေးဟာလည်း အရေးကြီးကိစ္စတစ်ခုအဖြစ်ရှိနေပြီး လစာနည်းတဲ့ဝန်ထမ်းတွေ ငွေကြေးအခက်အခဲကြောင့် အဂတိလိုက်စားမှုမှ

**မူကြမ်း**

လွတ်မြောက်စေရန်ဖြစ်ပါတယ်။ အာဆီယံနိုင်ငံအချို့မှာ နိုင်ငံဝန်ထမ်းတွေအတွက် လစာတိုးမြှင့်ခဲ့ခြင်းကြောင့် နိုင်ငံဝန်ထမ်းတွေရဲ့ဝန်ဆောင်မှုအရည်အသွေးတွေ၊ စွမ်းဆောင်ရည်တွေမြင့်မားနိုင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများသည် လုံလောက်သည့်ငွေကြေးရရှိသည့်အတွက် လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းပပျောက်လာခြင်း၊ ဝန်ထမ်းတွေရဲ့ဝယ်လိုနိုင်စွမ်းအားကို တိုးမြှင့်နိုင်ခြင်းတို့ကြောင့် နိုင်ငံရဲ့စီးပွားရေးကို ပိုမိုလျင်မြန်စွာတိုးတက်လာခြင်း၊ နိုင်ငံတော်အစိုးရများ၏ရည်မှန်းချက်ဖြစ်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစတဲ့ အတွေ့အကြုံကောင်းများကို ရရှိစေပါတယ်။ ထို့အတူ ငွေကြေးဖောင်းပွမှုမရှိစေရန်လည်း လစာတိုးမြှင့်ခြင်းနှင့်တစ်ပြိုက်နက် ငွေကြေးခိုင်မာမှုရှိရန်နှင့် ကုန်သွယ်ရေးအတွက် တိကျခိုင်မာတဲ့ မူဝါဒများချမှတ်ထားမှသာ တိုးမြှင့်လိုက်သည့်ခံစားခွင့်အပေါ် အပြည့်အဝခံစားရမှာဖြစ်ပါတယ်။ ဝန်ထမ်းတွေရဲ့လိုအပ်ချက်ကို တစ်ဖက်က ကူညီပံ့ပိုးပေးရင် တစ်ဖက်ကလည်း အဂတိလိုက်စားမှုကို လျော့နည်းပပျောက်အောင် စည်းချက်ညီညီနဲ့ ထိထိရောက်ရောက်ဆောင်ရွက်ပေးသွားမယ်ဆိုရင် နိုင်ငံတော်အတွက် ရလဒ်ကောင်းတွေရရှိမှာမနည်းပါဘူး။ အလုပ်နေရာရရှိဖို့ ကြိုးစားရာမှာ အရည်အချင်းရှိရုံတင်မကဘဲ အပေးအယူလုပ်နိုင်မှသာလျှင် ရာထူးနေရာရနိုင်တဲ့အတွက် အပေးအယူလုပ်ဆောင်ခဲ့တဲ့ဝန်ထမ်းကလည်း သူတာဝန်ထမ်းဆောင်တဲ့အခါမှာ ဒီလိုအပြုအမူမျိုးကို ပြန်လည်လုပ်ဆောင်နိုင်ပါတယ်။ ဒီလိုနဲ့ အဆက်မပြတ် အဂတိလိုက်စားမှုထဲမှာ သံသရာလည်ရင်း အမှားကြာရင်အမှန်ဖြစ်ဆိုသလို အဂတိလိုက်စားမှုက ယဉ်ကျေးမှုတစ်ခုလိုဖြစ်လာတာပါ။ ဒါကို တိုက်ဖျက်ဖို့ဆိုရင် ပုံမှန်ကြီးကြပ်ခြင်း၊ စာရင်းစစ်ခြင်း၊ ကြိုတင်ဟန့်တားခြင်းနှင့် ပညာပေးခြင်း စတာတွေကို လုပ်ဆောင်ရပါမယ်။ အဂတိလိုက်စားမှုဆိုင်ရာပညာပေးခြင်းမှာ လုပ်ငန်းပညာနှင့် ကျင့်ဝတ်ဆိုင်ရာသင်တန်းပေးခြင်းတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် အဂတိလိုက်စားမှုလျော့နည်းပပျောက်အောင်ဆောင်ရွက်ရာမှာ ပြည်ထောင်စုအစိုးရတွင်သာတာဝန်ယူမှု၊ တာဝန်ခံမှုရှိတာမဟုတ်ဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ ပြည်သူလူထုအပါအဝင် အားလုံးပူးပေါင်းဆောင်ရွက်မှသာလျှင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က တင်သွင်းထားတဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ထောက်ခံအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်တင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းရဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုအား ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုဆိုတာ အများအကျိုးဆောင်ရွက်ရန်အတွက် ပေးအပ်ထားတဲ့တာဝန်၊ လုပ်ပိုင်ခွင့်တွေကို ပုဂ္ဂလိကအကျိုးအမြတ် ကိုယ်ကျိုးအသုံးပြုခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရာထူးအဆင့်အတန်းကို ကိုယ်ကျိုးအတွက် အသုံးချခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်ကတည်းက အုပ်ချုပ်တဲ့လူတန်းစားများနဲ့ ဌာနဆိုင်ရာဝန်ထမ်းဟာ အာဏာနှင့်လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုပြီးတော့ ကိုယ်ကျိုးအတွက်အဆင့်မြင့်အဂတိလိုက်စားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများဟာ ခေါက်ရိုးကျိုးအောင် အကျင့်ပါနေပြီဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအနှံ့အပြား သဘောဆောင်တဲ့ အဂတိလိုက်စားမှုနှင့် စနစ်တစ်ခုလုံးလိုပင်ဖြစ်နေတဲ့ အဂတိလိုက်စားမှုတို့ကြောင့် နိုင်ငံလည်း ဆင်းရဲမွဲတေနေပြီး ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာမဲ့ခဲ့ရပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၈၃ နိုင်ငံအနက်မှာ ၂၀၁၀ ခုနှစ်မှာ မြန်မာနိုင်ငံဟာ အဂတိလိုက်စားမှုအများဆုံးနိုင်ငံဖြစ်တဲ့ ဆိုမာလီနိုင်ငံပြီးလျှင် ဒုတိယအဂတိလိုက်စားမှုအများဆုံးဖြစ်တယ်လို့ Transparency International အဖွဲ့က ဆိုပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ ၂၂ မှတ်ရပြီးတော့ အနည်းငယ်တိုးတက်လာတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိကကတော့ တိုင်းပြည်အုပ်ချုပ်တဲ့အစိုးရဆိုတာ နိုင်ငံသူ/နိုင်ငံသားအားလုံးရဲ့ မိဘပါ။ အဂတိလိုက်စားမှုကင်းရပါမယ်။ တရားဥပဒေကို လေးစားရပါမယ်။ ကိုယ်ဖော်တဲ့ဆေးကို ကိုယ်စားရပါမယ်။ အစိုးရကိုယ်တိုင်က ဥပဒေကိုမလေးစားတော့ နိုင်ငံဟာလည်း ခေါင်မလုံတော့တဲ့ အိမ်အိုကြီးလိုဖြစ်သွားပြီး တိုင်းပြည်ကြီးဟာ သယံဇာတပစ္စည်းပေါကြွယ်ဝပေမယ့်မွဲသွားတော့တာပေါ့။ အုပ်ချုပ်တဲ့မိဘ အစိုးရကိုယ်တိုင်က ဥပဒေကိုမလေးစားရင် ဘယ်သားသမီးကိုဆုံးမလို့ရတော့မှာလဲ။ ဘယ်လိုစုံစမ်းစစ်ဆေးရေးကော်မရှင်ပဲဖွဲ့ဖွဲ့၊ ဘယ်လိုကော်မတီတွေပဲဖွဲ့ဖွဲ့ လက်တွေ့မပါရင် မတိုးတက်၊ မအောင်မြင်နိုင်ပါဘူး။ ကိုယ်ရှုးကိုယ်ပတ်သလို ဖြစ်နေမှာတော့လည်း

တိုးတက်တဲ့အခြေအနေတွေကို သိသိသာသာဖြစ်မလာတော့တာပေါ့။ အာဆီယံနိုင်ငံတွေမှာဆိုလည်း မြန်မာနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေဟာ အဂတိလိုက်စားမှုအများဆုံးဖြစ်နေပါတယ်။ စနစ်တစ်ခုလုံးကိုပင် ဖြစ်နေတော့ အဂတိလိုက်စားမှုဟာ အဆိုးဝါးဆုံးဖြစ်ပြီး ထိန်းချုပ်အပြစ်ပေးရန် ပိုမိုခက်ခဲတာကြောင့် စီးပွားရေးအပေါ် မှာ ဆိုးဝါးစွာသက်ရောက်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ အဂတိလိုက်စားမှုကြီး/ငယ်တို့ကို ဘယ်လိုတားဆီးကြမှာလဲ။ ဘယ်လိုတိုက်ဖျက်ကြမှာလဲ။ သမိုင်းရဲ့ ဆိုးမွေကြီးကို ယနေ့ဒီမိုကရေစီအစိုးရသစ်၊ ပြည်သူ့အစိုးရသစ် လက်ခံနေရပါပြီ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတော်သမ္မတကြီးနှင့် အစိုးရအဆင့်ဆင့် အဖွဲ့ဝင်များဟာ ပြည်သူအားကိုးအားထားရာရောက်အောင် တရားဥပဒေကိုလေးစားရပါမယ်။ အဂတိ တရားကင်းကင်းရှင်းရှင်းနဲ့ အုပ်ချုပ်ရပါမယ်။ ခေါင်လုံရစေပါမယ်။ ဒါမှသာ ပြည်သူ့ဝန်ထမ်းများ နိုင်ငံသူနိုင်ငံသားတို့ကို ပြောဆိုစည်းရုံးလို့ရမှာဖြစ်သလို အဂတိလိုက်စားမှုကိုလည်း ထိရောက်စွာ အရေးယူအပြစ်ပေးနိုင်မှာဖြစ်ပါတယ်။ အဂတိလိုက်စားမှုဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် အနုတ်လက္ခဏာဆောင်တဲ့ ဆိုးကျိုးများကို ဖြစ်ပေါ်စေတဲ့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို တိုက်ရိုက် ထိခိုက်စေနိုင်ပါတယ်။ အဂတိလိုက်စားမှုကြောင့် အစိုးရအဖွဲ့အစည်းများ၊ အသက်မွေးမှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများအပေါ် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါတယ်။ အဂတိလိုက်စားခြင်းဖြင့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးပြဿနာများကို ဖြစ်ပေါ်စေနိုင်ပါတယ်။ အဂတိလိုက်စားခြင်းရဲ့ စီးပွားရေးအကျိုးဆက်များဟာ ပြည်သူ့ဘဏ္ဍာငွေများကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ရာ ရောက်ခြင်း၊ စီမံအုပ်ချုပ်မှု မှားယွင်းခြင်း၊ ဆုံးရှုံးလေလွင့်မှုများခြင်းနှင့် စီးပွားရေးအကြပ်အတည်းများ၊ နိုင်ငံခြားငွေပြုတ်လပ်မှုများနှင့် မလိုလားအပ်တဲ့ဆိုးကျိုးများကို ဖြစ်ပေါ်စေပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုကို ထင်ရှားသိသာစွာကျဆင်းလျော့ပါးရေးအတွက် ပြည်သူတွေက စေ့စေ့မှန်မှန် ရွေးကောက်တင်မြှောက် ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးဟာ ပြည်သူလူထုများထံထိတွေ့ပြီး ပြည်သူ့အသံများနဲ့ သတင်းအချက်အလက်များ အမှန်အကန်ရယူရပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကိုယ်တိုင် အဂတိတရား လုံးဝကင်းရှင်းရပါမယ်။ မည်သည့်ဌာနဆိုင်ရာဝန်ထမ်း အဆင့်ဆင့်တို့ကိုမဆို လာဘ်ပေးလာဘ်ယူမှုများရှိ/မရှိ စုံစမ်းလေ့လာပြီး ထိရောက်တဲ့အရေးယူမှုများ ဖြစ်အောင် သက်ဆိုင်ရာအထက်အဖွဲ့အစည်းအာဏာပိုင်တို့ထံ သတင်းပို့ကူညီရပါမယ်။ သို့မှသာ အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်၏အနာဂတ်

**မူကြမ်း**

ကောင်းစားရေးအတွက် အမြစ်တွယ်နေတဲ့ မကောင်းဆိုးဝါး အဂတိလိုက်စားမှုကြီး လူတိုင်းလူတိုင်း၊ နိုင်ငံသားတိုင်း အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အဖြစ်ခံယူပြီး အားသွန်ခွန်စိုက် တိုက်ဖျက်ကြပါစို့လို့ အကြံပြုပြောကြားရင်း ဒေါက်တာသန်းဝင်းရဲ့ အဂတိလိုက်စားမှု ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ လာရောက်လေ့လာကြတဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ယင်းမာပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းအဆိုတင်သွင်းထားတဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းတဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုတာက လာဘ်ပေးလာဘ်ယူကိစ္စဖြစ်ပါတယ်။ လာဘ်ပေးလာဘ်ယူကိစ္စနဲ့ပတ်သက်ပြီးတော့ ပြောရမယ်ဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံမှာ အင်္ဂလိပ်အုပ်ချုပ်တဲ့ အစိုးရလက်ထက်တုန်းက လာဘ်ပေးလာဘ်ယူလုံးဝရှိခဲ့တာ မရှိပါဘူး။ ဘာကြောင့် ကျွန်တော်အဲဒီလိုပြောရသလဲဆိုလို့ရှိရင် ကျွန်တော့်ဖခင်က အင်္ဂလိပ်လက်ထက်မှာ အစိုးရဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။ သူ့မှာ သူရတဲ့လစာနဲ့ မိသားစုစားဝတ်နေရေးလုံလောက်တဲ့အပြင် စုဆောင်းစရာငွေတောင်ရှိတယ်ဆိုတာ ကျွန်တော်တို့ကို ပြောပြခဲ့တဲ့အတွက် အဲဒီအင်္ဂလိပ်ခေတ်မှာ လာဘ်ပေးလာဘ်ယူဆိုတဲ့စကားတောင် မကြားဖူးဘူးဆိုတာ ပြောခဲ့တာမျိုးရှိပါတယ်။ နောက်ကျွန်တော်တို့ ဒီဘက်ပိုင်းမှာကြည့်မယ်ဆိုလို့ရှိရင် လွတ်လပ်ရေးရပြီးတဲ့နောက် ပါလီမန်ခေတ်မှာလည်း လာဘ်ပေးလာဘ်ယူဆိုတာ အင်မတန်မှ နည်းပါးပါတယ်။ မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာလည်း အဲဒီတုန်းကရှိခဲ့ပါတယ်။ ခုနက မြစ်ကြီးနားမဲဆန္ဒနယ်က ကိုယ်စားလှယ်ကြီးဆွေးနွေးသွားသလို ကျွန်တော်တို့မြန်မာနိုင်ငံမှာ ပါလီမန်ခေတ်မှာလည်း လာဘ်ပေးလာဘ်ယူအင်မတန်မှ နည်းပါးခဲ့ပါတယ်။ နောက် ဘယ်အချိန်မှာ ဒီလာဘ်ပေးလာဘ်ယူက စတင်အမြစ်တွယ်ခဲ့သလဲဆိုတာ ကျွန်တော်

တင်ပြရမယ်ဆိုလို့ရှိရင် ၁၉၆၂ ခုနှစ်က စပြီးတော့မှ ဒီလာဘ်ပေးလာဘ်ယူကိစ္စဟာ အမြစ်တွယ်ပြီးတော့မှ ကြီးထွားလာတယ်လို့ ကျွန်တော်ကတင်ပြလိုပါတယ်။ ဘာကြောင့် အဲဒီလို ပြောရသလဲဆိုလို့ရှိရင် ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၁၉၆၂ ခုနှစ်ဝန်းကျင်မှာ အခြေအနေအားလုံးကောင်းပါတယ်။ အရှေ့တောင်အာရှအလယ်မှာလည်း ဝင့်ကြွားနိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီးတော့မှ ကျွန်တော်တို့နိုင်ငံရဲ့ကုန်ဈေးနှုန်းနဲ့ ရပ်တည်နိုင်တဲ့အတွက် အဲဒီတုန်းက လာဘ်ပေးလာဘ်ယူ အင်မတန်နည်းတဲ့ကိစ္စကနေပြီးတော့မှ ၁၉၆၂ ခုနှစ်မှာ ပါလီမန်အစိုးရဆီကနေပြီးတော့ အာဏာသိမ်းလိုက်တဲ့အစိုးရက ကျွန်တော်တို့နိုင်ငံမှာ စက်ရုံအလုပ်ရုံတွေအားလုံး ပြည်သူပိုင်သိမ်းလိုက်ပါတယ်။ စက်ရုံအလုပ်ရုံတွေအားလုံးကို ပြည်သူပိုင်သိမ်းပြီးတဲ့နောက်မှာလည်း ဘာစက်ရုံအလုပ်ရုံမှ ထုတ်လုပ်မှုမရှိတဲ့အပြင်စာရွက်ပေါ်မှာတင် စီမံကိန်းတွေလုပ်လိုက်တဲ့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကုန်ဈေးနှုန်းတွေအဆမတန်တက်သွားပါတယ်။ တက်သွားတဲ့အခါမှာ ဝန်ထမ်းတွေ ရရှိတဲ့လစာတွေနဲ့ ကုန်ဈေးနှုန်းနဲ့ကဘယ်လိုမှကိုက်ညီမှုမရှိတဲ့အခါမှာ ဝန်ထမ်းတွေက ဘာဖြစ်လာသလဲဆိုလို့ရှိရင် အားလုံး အဂတိလိုက်စားမှုတွေ၊ အကျင့်ပျက်ခြစားမှုတွေ တစ်ခါတည်း ကြီးထွားလာခဲ့ပါတယ်။ အဲဒီမှာ ဆန်ဈေးနှုန်း၊ ဆီဈေးနှုန်းတွေကြီးတဲ့အတွက် အရေးအခင်းတွေဖြစ်ပြီးတော့မှ မညီမျှတဲ့အတွက် အဲဒါမျိုးတွေဖြစ်လာတဲ့အခါမှာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အဂတိလိုက်စားမှုအမြစ်တွယ်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံတော်ဟာ ဘယ်လောက်ထိအောင် ဖြစ်ခဲ့သလဲဆိုလို့ရှိရင် ဒီ့နောက်ပိုင်းမှာလည်း အစိုးရအဆက်ဆက်က ကောင်းမွန်တဲ့စီးပွားရေးစနစ်၊ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်တွေနဲ့အုပ်ချုပ်ခဲ့တာနည်းပါးတဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံမှာ အဂတိလိုက်စားမှုအခြေအနေဟာဖြင့်အလွန်ဆိုးရွားတဲ့အခြေအနေကို ရောက်ခဲ့တာဖြစ်ပါတယ်။ Transparency International အဖွဲ့ရဲ့အစီရင်ခံစာအရဆိုလို့ရှိရင် ၂၀၁၀ ခုနှစ်မှာ သူတို့ရဲ့ လေ့လာသုံးသပ်ချက်အရ နိုင်ငံပေါင်း ၁၈၃ နိုင်ငံကို လေ့လာတဲ့အခါမှာ မြန်မာနိုင်ငံက ဆိုမာလီနိုင်ငံပြီးရင် အဆိုးရွားဆုံးအဆင့်ကို ရောက်ရှိတဲ့အထိ တွေ့ရပါတယ်။ အဲဒီလိုတွေ့ရတဲ့အခါမှာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဒီလိုမျိုးဖြစ်နေတဲ့ဟာတွေရှိနေတာ ဘာကြောင့်လဲဆိုတာ ကျွန်တော်တို့တွက်တဲ့အခါမှာ ဝန်ထမ်းတွေ၊ ဌာနဆိုင်ရာဝန်ထမ်းအားလုံး အဲဒီမှာ ကျွန်တော်တို့ဘာကြောင့် လာဘ်ပေးလာဘ်ယူကိစ္စတွေ လုပ်ရသလဲဆိုတာ ပြန်ကြည့်လို့ရှိရင် အဓိကကတော့ လစာနဲ့ ကုန်ဈေးနှုန်း လိုက်လျောညီထွေမှုမရှိတာ တွေ့ရပါတယ်။ ဒါ့အပြင်အခုအများဆုံးဝေဖန်နေတာကတော့ တရားစီရင်ရေးကိစ္စတွေဖြစ်ပါတယ်။ အဲဒီ တရားစီရင်ရေး

ကဏ္ဍမှာ ဘာကြောင့် တရားစီရင်ရေးမှာ အကျင့်ပျက်ခြစားနေရသလဲဆိုလို့ရှိရင် တရားစီရင်ရေး ကဏ္ဍနဲ့ ပတ်သက်ပြီးတော့ မြို့နယ်တရားသူကြီးတစ်ယောက် သူက မြို့နယ်တရားသူကြီးအဆင့်မှာ သူရတဲ့လစာက နှစ်သိန်းပတ်ဝန်းကျင်လောက်ပဲရတယ်။ ကျန်တဲ့ လက်ထောက်မြို့နယ်တရား သူကြီးတို့၊ ဘာတို့မှာဆိုလို့ရှိရင် နှစ်သိန်းတောင်မပြည့်ဘူး။ အဲဒီတော့ သူတို့အနေနဲ့က အိမ်ငှားလခ ကိုက တစ်သိန်းခွဲ၊ နှစ်သိန်းလောက်ပေးရတယ်ဆိုတော့ သူတို့မှာဘာသွားပြီးတော့ စားလို့ရမလဲ။ အဲဒီအခြေအနေမျိုးမှာ သူတို့ကို Facilities ပေးသင့်တယ်။ လစာလည်း လုံလောက်အောင်ပေးသင့် တယ်။ ပေးမှသာလျှင် ဒီတရားရေးမဏ္ဍိုင်ကြီးဟာ ပြန်လည်တည့်မတ်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် အခြားဌာနဆိုင်ရာဝန်ထမ်းတွေမှာလည်း လစာနဲ့ပတ်သက်ပြီးတော့ မလုံမလောက် အခုချိန် ထိအောင်ပဲ ဖြစ်နေတဲ့အကြောင်းကတော့ အားလုံးအသိဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လစာတွေလည်း တိုးပေးဖို့လည်း ကျွန်တော်တို့အကြံပေးတိုက်တွန်းလိုပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ဒီဟာနဲ့ပတ်သက်ပြီးတော့ အခု ဒေါက်တာသန်းဝင်းတင်တဲ့အဆိုကို ကျွန်တော်က ဘာကြောင့်ထောက်ခံသလဲဆိုလို့ရှိရင် နိုင်ငံတော်မှာ ကျွန်တော်တို့အခု ဘာတွေဖြစ်နေသလဲ၊ သစ်တော နောက်ပြီးတော့ သယံဇာတ၊ မူးယစ်ဆေးဝါး၊ လောင်းကစား အားလုံးဟာဆိုလို့ရှိရင် ဆိုးဆိုးရွားရွားအဆင့်ထိ ရောက်နေတဲ့အတွက် ဒါတွေကို တရားဥပဒေစိုးမိုးမှုရှိဖို့အတွက် လိုအပ်ပါ တယ်။ ဒါကြောင့် တရားဥပဒေစိုးမိုးမှုဟာဆိုလို့ရှိရင်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟာ အဆောတလျင်လုပ်ရမှာဖြစ်တဲ့အအကြောင်း တင်ပြဆွေးနွေးရင်း ဒေါက်တာသန်းဝင်းရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ညီညီလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးညီညီလွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးညီညီလွင် ဖြစ်ပါတယ်။ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းတင်သွင်းသွားတဲ့ အဆိုနှင့်ပတ်သက်ပြီး ပါဝင် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အကျင့်ပျက်ခြစားမှုဆိုတာဟာ နိုင်ငံတစ်နိုင်ငံမှာ ကိုင်တွယ်ရခက်ခဲပြီး ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရမယ့် စိန်ခေါ်မှုတစ်ရပ်ပဲဖြစ်ပါတယ်။ ဒီလို ဖြေရှင်းရာမှာ ဖြတ်လမ်းနည်းတွေမရှိသလို လွယ်ကူတဲ့အဖြေများလည်းမရှိကြောင်းကို တွေ့ရပါတယ်။

သုံးပွင့်ဆိုင်အင်အားစုတွေဖြစ်တဲ့ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ဝိုင်းဝန်းဆောင်ရွက်သွားရမယ့်လုပ်ငန်းစဉ်တွေပဲ ဖြစ်ပါတယ်။ အကျင့်ပျက်ခြစားမှုပြဿနာဟာ ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျတဲ့နိုင်ငံတွေအပြင် ချမ်းသာတဲ့နိုင်ငံတွေမှာပါ ဖြစ်ပွားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဆင်းရဲတဲ့နိုင်ငံတွေမှာ ဖြစ်ပွားတဲ့ အကျင့်ပျက်လာဘ်စားမှုတွေဟာ ပြည်သူလူထုကို ပိုပြီးဆင်းရဲတွင်းနက်စေရုံသာမက Democratic Institutions များကိုလည်း အားနည်းစေနိုင်ပါတယ်။ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်စေနိုင်တဲ့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကိုလည်း များစွာအဟန့်အတားဖြစ်စေနိုင်သလို သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း၊ လူမှုစီးပွားထိခိုက်ပျက်စီးခြင်းနှင့် အစိုးရအပေါ် ပြည်သူလူထုက အယုံအကြည်ကင်းမဲ့ခြင်းစတာတွေကိုလည်း ခံစားကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးနိုင်ပါရန် ခွင့်တောင်းခံအပ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေမှာ အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး တင်ပြပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားတာ တွေ့ရမှာဖြစ်ပါတယ်။ ဒီဥပဒေမှာ အကျုံးဝင်တဲ့ လုပ်ပိုင်ခွင့်အာဏာရှိသူဆိုတာတွေကတော့ လုပ်ပိုင်ခွင့်အာဏာရှိတဲ့ ပြည်သူ့ဝန်ထမ်းတွေအပြင် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ အဆင့်မြင့်အရာရှိ သို့မဟုတ် အများပြည်သူဆိုင်ရာအဖွဲ့အစည်းတစ်ခုရဲ့ စီမံပိုင်ခွင့်ရှိသူ သို့မဟုတ် ကိုယ်စားလှယ်တွေ ပါဝင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေရော နိုင်ငံ့ဝန်ထမ်းမဟုတ်သူတွေပါ အကျုံးဝင်တာကို တွေ့ရမှာဖြစ်ပါတယ်။ အရာရာကို လက်ဝါးကြီးအုပ်လိုမှု၊ တစ်ဦးတည်းက ဆုံးဖြတ်ပိုင်ခွင့်ရှိမှု၊ ကိုယ်ကျိုးစီးပွားရှေ့တန်းတင်မှုတွေက အဂတိလိုက်စားမှုကို ပိုပြီးဖြစ်စေနိုင်သလို ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ခြင်းတို့ကလည်း အဂတိလိုက်စားမှုကို လျော့နည်းစေနိုင်ကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရဲ့ ထုတ်ပြန်ချက်အရ ကော်မရှင်ကို ရောက်ရှိလာတဲ့ တိုင်ကြားစာပေါင်း ၂၂၁၄ စောင်နှင့် တိုင်ကြားတဲ့ကိစ္စဟာ အဂတိလိုက်စားမှုနှင့် သက်ဆိုင်ခြင်းမရှိတဲ့အပြင် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို လိပ်မူပြီးတိုင်ကြားလာတဲ့အတွက် စစ်ဆေးဆောင်ရွက်ခြင်းမပြုဘဲ မှတ်တမ်းအဖြစ်သာထားရှိခဲ့ရတဲ့ တိုင်ကြားစာ ၃၇၄ စောင် ပါရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အချို့တိုင်ကြားစာတွေဟာ အထောက်အထားမပြည့်စုံတာ၊ အချက်အလက်များ တိကျမှန်ကန်စွာပါဝင်မှုမရှိတာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် မသက်ဆိုင်တာတွေကြောင့် ကော်မရှင်အနေနဲ့ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးမှုပြုနိုင်ဖို့အတွက် အဟန့်အတားသဖွယ်ဖြစ်နေကြောင်း ဖော်ပြထားတာ တွေ့ရှိရပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနဲ့ အခြားသောအသင်းအဖွဲ့များမှာ အဂတိလိုက်စားမှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဟာ ဥပဒေနှင့်အညီ အကာအကွယ်ပေး ဆောင်ရွက်သွားရမယ့်တာဝန်ရှိပါတယ်။ ဒီတာဝန်ကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့အတွက် နစ်နာသူဘက်က ပြည့်စုံတဲ့အထောက်အထား၊ တိကျမှန်ကန်တဲ့အချက်အလက်တွေနဲ့ တိုင်ကြားဖို့လိုကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဒါကြောင့် ကော်မရှင်ရဲ့ရည်ရွယ်ချက်နဲ့ လုပ်ငန်းတာဝန်အတိုင်း ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့အတွက် နည်းလမ်းရှာဖွေ စဉ်းစားသင့်ပါကြောင်း အကြံပြုလိုပါတယ်။ အကျင့်ပျက်လာဘ်စားမှုကို တားဆီးမယ်ဆိုလျှင် လာဘ်ပေးသူကိုရော၊ လာဘ်ယူသူကိုပါ ထိရောက်စွာအရေးယူရမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း အစိုးရအနေနဲ့ နှောင့်နှေးကြန့်ကြာစေနိုင်တဲ့ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့တဲ့လုပ်ငန်းစဉ်တွေဖြစ်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ထို့အပြင် တိကျခိုင်မာတဲ့ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကိုလည်း ပြဋ္ဌာန်းပေးဖို့လိုပါတယ်။ အစိုးရဌာနများအတွင်း လာဘ်စားမှုနည်းပါးစေရေးအတွက် ဝန်ထမ်းများကို စားဝတ်နေရေး ဖူလုံမှုရှိစေရန်အတွက် လုံလောက်တဲ့လုပ်ခလစာနှင့် အထောက်အပံ့များပေးခြင်းဟာလည်း နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ထို့အပြင် အဂတိလိုက်စားမှုဟာ ကိုယ်ကျင့်တရားနှင့် သက်ဆိုင်ပြီး လူ့အသိုင်းအဝိုင်းက လက်မခံကြောင်းကိုလည်း သိရှိနေဖို့လိုပါတယ်။ အစိုးရရဲ့ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများအပေါ် ပြည်သူလူထုရဲ့အမြင်ကို ဆန္ဒကောက်ယူစေခြင်း၊ အစိုးရရဲ့လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေခြင်း၊ တိုင်ကြားချက်များအပေါ်မှာ အရေးတယူစိစစ်ဆောင်ရွက်ခြင်း၊ အရေးတယူဆောင်ရွက်မှုများကိုလည်း ထုတ်ပြန်ကြေညာပေးခြင်းနှင့် တရားဥပဒေစိုးမိုးမှုရှိပြီး ထိရောက်သော အရေးယူဆောင်ရွက်ခြင်းစတဲ့ နည်းလမ်းတွေဟာလည်း အဂတိလိုက်စားမှုကို လျော့နည်းစေနိုင်ကြောင်း သုံးသပ်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်ဟာ ရေရှည်လုပ်ငန်းတစ်ခုဖြစ်တဲ့အလျောက် ရုပ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ဖို့လိုသလို စိတ်ဓာတ်ပိုင်းဆိုင်ရာပြောင်းလဲမှုများလည်း အစဉ်တစိုက်ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။ နိုင်ငံသားများဆိုင်ရာ တာဝန်သိစိတ်နိုးကြားလာအောင် စာသင်ခန်းများအတွင်းမှာ သင်ကြားပို့ချခြင်းတွေ၊ ပြည်သူလူထုအကြားမှာ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ပညာပေးခြင်းတွေ၊ ရုံးဌာနများမှာ ရှင်းလင်းဆွေးနွေးပို့ချခြင်းတွေ လုပ်ဆောင်ဖို့လိုအပ်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ အဂတိလိုက်စားမှုကျူးလွန်သူအများစုဟာ

နိုင်ငံရေးအရ အရေးပါတဲ့ပုဂ္ဂိုလ်တွေ၊ သူတို့ရဲ့မိသားစုတွေ၊ ဆွေမျိုးအသိုင်းအဝိုင်းတွေ ဖြစ်တတ်တဲ့အတွက် ၎င်းတို့အား စောင့်ကြပ်ကြည့်ရှုနိုင်တဲ့စနစ်တစ်ရပ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အောက်မှာ ထားရှိပေးဖို့လိုပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့လည်း နိုင်ငံရေးရာထူးတစ်ခုခုကို လက်ရှိတာဝန်ထမ်းဆောင်နေသူတစ်ဦးဦးအပေါ်မှာ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း၊ ရာထူးဆိုင်ရာလုပ်ပိုင်ခွင့်အလွဲသုံးစားပြုခြင်း၊ ဒါမှမဟုတ် အဂတိလိုက်စားမှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းပြီး ဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်ကို အဆိုတင်ပြခွင့်ရှိပါတယ်။ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားတဲ့ UNCAC ပါ ပြဋ္ဌာန်းချက်များ၊ နည်းနာများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ တံခါးပိတ်စီးပွားရေးစနစ်ကို ကျင့်သုံးလာတာနဲ့အမျှ Private Sector များလည်း ရှေ့တန်းသို့ရောက်ရှိလာခြင်း၊ လွတ်လပ်စွာပြိုင်ဆိုင်လာခြင်းပြုလုပ်လာတဲ့အတွက် ပုဂ္ဂလိကအခန်းကဏ္ဍရဲ့ အဂတိလိုက်စားမှုများကိုလည်း ဖော်ထုတ်နိုင်ဖို့လိုပါတယ်။ အဂတိလိုက်စားမှုကျူးလွန်ရန် အခွင့်အလမ်းများမှာ လူလူချင်းဆက်ဆံရတဲ့ ကြိုးနီစနစ်ကြောင့်ဖြစ်တဲ့အတွက် ဒီစနစ်တွေကို လျော့နည်းပပျောက်သွားအောင် Online ဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ E-Government စနစ်ဖြင့် အကောင်အထည်ဖော်ခြင်းများ၊ One stop Service များ၊ One Stop Shop များ၊ OSS စနစ်များ စနစ်တကျဆောင်ရွက်ပေးဖို့လိုကြောင်း တင်ပြလိုပါတယ်။ အဂတိလိုက်စားမှုမှ ရရှိတဲ့ ငွေကြေးအကျိုးအမြတ်များနှင့် ပစ္စည်းများဟာ တရားဝင်အသွင်ပြောင်းလဲမှုနှင့် ငွေကြေးခဝါချမှုတို့ကို ဖော်ထုတ်ပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်ခြင်းတို့ကိုလည်း အကောင်အထည်ဖော်ဖို့ လိုအပ်ကြောင်းတွေ့ရှိရပါတယ်။ နိဂုံးချုပ်အနေနဲ့ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းတင်သွင်းတဲ့အဆိုကို ထောက်ခံအပ်ပါတယ်။

(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မြောက်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းရဲ့အဆိုကို အကြံပြုချက်များနဲ့ ထောက်ခံဆွေးနွေး

သွားမှာဖြစ်ပါတယ်။ ဒီအဆိုကို ထောက်ခံဆွေးနွေးသူ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၃၂ ဦးရှိလို့ ဒုတိယအကြိမ်လွှတ်တော်သက်တမ်း ယခုအချိန်ထိ တင်သွင်းပြီးအဆိုမှာ ဆွေးနွေးသူအများဆုံး ဖြစ်ပါတယ်။ ဒီအချက်ကို ထောက်ပြရခြင်းမှာ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ပြည်သူ့ကိုယ်စားပြုသူများဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ အဂတိလိုက်စားမှုကို တိုက်ဖျက်ဖို့လိုပြီဆိုတဲ့ ပြည်သူ့ဆန္ဒရဲ့ပြယုဂ်လို့လည်းဆိုနိုင်ပါတယ်။ အမှန်တော့ အဂတိလိုက်စားမှုဆိုတာ တိုင်းပြည်တစ်ပြည်မှာ နက်ရှိုင်းစွာအမြစ်တွယ်နေသော အခြေခံကျတဲ့ စီးပွားရေး၊ နိုင်ငံရေးနှင့် အဖွဲ့အစည်းမူဘောင်ဆိုင်ရာ အားနည်းချို့ယွင်းချက်များရဲ့ အပေါ်ယံလက္ခဏာတစ်ခုသာဖြစ်ပါတယ်။ အဂတိလိုက်စားမှုကြောင့် နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များမှာ မလိုလားအပ်တဲ့ ဆိုးကျိုးများစွာ ဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင် သာမန်ပြည်သူများအတွက် ကြီးလေးသောတာဝန်နဲ့ဆိုးကျိုးများကို ဖြစ်ပေါ်စေပါတယ်။ ယခုအခါ ကမ္ဘာ့နိုင်ငံအများစုမှာလည်း အဂတိလိုက်စားမှုများကို ရင်ဆိုင်ကြုံတွေ့နေရလို့ တိုက်ဖျက်ဖို့ကြိုးစားနေကြပါတယ်။ လိုအပ်တဲ့ အေဂျင်စီများဖွဲ့စည်းခြင်း၊ ပြင်းထန်တဲ့ဥပဒေများ ပြဋ္ဌာန်းခြင်းတို့ လုပ်နေပေမယ့် အဂတိလိုက်စားမှုဟာ ကင်ဆာရောဂါလို လူ့အဖွဲ့အစည်းမှာ ပျံ့နှံ့လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟာ လွယ်မယောင်ယောင်နဲ့ ခက်ပါတယ်။ တိမ်မယောင်ယောင်နှင့် နက်ပါတယ်ရှင်။ ဘာကြောင့်လဲဆိုတော့ ဗြိတိန်လိုနိုင်ငံမျိုးမှာတောင် အဂတိလိုက်စားမှုထိန်းချုပ်နိုင်ဖို့ နှစ်ပေါင်း ၁၀၀ ကျော်လောက် အချိန်ယူခဲ့ရပါတယ်။ ဒါပေမဲ့ အာရှတိုက်အတွင်းမှာရှိတဲ့ စင်္ကာပူလို၊ ဟောင်ကောင်လိုနေရာတွေမှာ ယခင်က အဂတိလိုက်စားတဲ့ အခြေအနေမှနှိုင်းယှဉ်ရင် သန့်ရှင်းတဲ့အနေအထားတစ်ခုစီကို အချိန်တိုအတွင်းမှာ အထိုက်အလျောက် ပြောင်းလဲသွားတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာတော့ ယခင်စနစ်နဲ့ ယခင်အစိုးရ လက်ထက်များမှာ သန္ဓေတည်ပြီး ကြီးထွားလာခြင်းဖြစ်လို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟာ အစိုးရသစ်ရဲ့ ကြီးမားတဲ့စိန်ခေါ်မှုကြီးတစ်ရပ် ဖြစ်နေပါတယ်။ သို့ရာတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို မူဝါဒချမှတ်ကာ ဆောင်ရွက်နေတဲ့ အစိုးရသစ်ဖြစ်လို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို မဖြစ်မနေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့ တိုက်တွန်းချက်ထဲမှာပါတဲ့အတိုင်းဖြစ်နိုင်ဖို့အတွက် အကြံပြုချက်များကို ဥပမာများ၊ လိုအပ်ချက်များ၊ ခြုံငုံသုံးသပ်ချက်များနှင့် တင်ပြရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ Power Point မှာ လတ်တလော ကမ္ဘာ့နိုင်ငံများရဲ့ အဂတိလိုက်စားမှုဆန့်ကျင်ရေးပုံရိပ်များ၊ ဟောင်ကောင်နှင့် ICAC ၊ လိုအပ်ချက်နှင့် ခြုံငုံ

သုံးသပ်ချက်များဆိုပြီး ပါဝင်ပါတယ်။ ဥပမာအနေနဲ့ တင်ပြရမယ်ဆိုရင် ကျွန်မသွားရောက်လေ့လာခွင့်ရခဲ့တဲ့ ဟောင်ကောင်ရဲ့ အဂတိလိုက်စားမှုဆန့်ကျင်ရေးလွတ်လပ်သောကော်မရှင်(ICAC)နှင့် ဟောင်ကောင်ရဲ့ ပြုပြင်ပြောင်းလဲမှုအချို့ကို တင်ပြလိုပါတယ်။ ဒီဥပမာပြရခြင်းမှာ ဟောင်ကောင်မှ ယခင်အခြေအနေများဟာ မြန်မာနိုင်ငံနှင့် တူနေလို့ဖြစ်ပါတယ်။ ယခင် ဆယ်စုနှစ်များစွာက ဟောင်ကောင်မှာ အဂတိလိုက်စားမှုအလွန်များတဲ့ဒေသ ဖြစ်ခဲ့ပါတယ်။ ဒေသတစ်ခုလုံးမှာ အဂတိလိုက်စားမှုဟာ ယဉ်ကျေးမှုကြီးသဖွယ် အမြစ်တွယ်နေခဲ့ပါတယ်။ လူ့အဖွဲ့အစည်းအတွင်း၊ နေရာတိုင်းမှာ လာဘ်ပေးမှုကို ခိုင်ခိုင်မာမာကျင့်သုံးနေတာဖြစ်လို့ ဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုလည်း အလွန်နည်းခဲ့ရပါတယ်။ ပြည်သူတွေအားလုံးက လာဘ်ပေးရတဲ့အဂတိတရားများကို တဖြည်းဖြည်းနဲ့ ရွံမုန်းလာပြီး တိုက်ဖျက်ချင်တဲ့ဆန္ဒများ ပြင်းပြလာကြပါတယ်။ အနာဂတ်ပြည်သူတွေအတွက် ပြောင်းလဲမှုဖြစ်တော့မယ်ဆိုတဲ့နိုင်ငံရေးသန္နိဋ္ဌာန်ကိုလည်း ခိုင်ခိုင်မာမာချမှတ်နိုင်ခဲ့ပါတယ်။ ဒါကြောင့်သူတို့ဒေသရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အစိုးရဘဏ္ဍာနှင့်ရပ်တည်နိုင်တဲ့ သီးခြားအဂတိတိုက်ဖျက်ရေးအေဂျင်စီ ဖွဲ့ဖို့နှင့် လုပ်ပိုင်ခွင့်များပေးဖို့ ရေးဆွဲနိုင်ခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်မှာ ICAC ပေါ်လာပြီး သံသယရှိသူများကို စစ်ဆေးနိုင်တယ်။ အမှုဖွင့်ခွင့်ရှိတယ်။ တရားရုံးကလည်း လာဘ်စားတာပေါ်ရင် ထောင်ခုနစ်နှစ် ချမှတ်တာတွေကြောင့် လွတ်လပ်တဲ့ကုန်သွယ်မှုနှင့် စီးပွားရေးမှာ နံပါတ်တစ်၊ အာရှကျားကြီးဖြစ်တဲ့ ဟောင်ကောင်ဟာ အချိန်တိုအတွင်းမှာ အဂတိသန့်ရှင်းမှုတစ်ခုစီကို ရှေးရှုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် လိုအပ်ချက်များကိုအကြံပြုရရင် အချက်ကိုးချက်ရှိပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်မည်ဆိုသော ခိုင်မာသည့်နိုင်ငံရေးသန္နိဋ္ဌာန်၊ ခေါင်းဆောင်ကောင်းနှင့် ထိပ်ဆုံးအစိုးရအဖွဲ့များရဲ့ အသန့်ရှင်းဆုံးဖြစ်အောင် ဆုံးဖြတ်လုပ်ကိုင်မှု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အေဂျင်စီ သို့မဟုတ် စောင့်ကြပ်မှုအဖွဲ့အစည်းများရှိရန်နှင့် အရင်းအမြစ် လုံလောက်စွာရှိရေး၊ မည်သူ့ကိုမဆို စုံစမ်းစစ်ဆေးနိုင်ရေး၊ အများယုံကြည်လက်ခံနိုင်အောင် လုပ်ဆောင်ပြရေး၊ တာဝန်သိမီဒီယာများကို အသုံးချနိုင်ရေး၊ အဖွဲ့အစည်းမူဘောင်များ တိုးတက်ကောင်းမွန်ရေး၊ လုံလောက်သောဝင်ငွေပေးပြီး ဆုပေးဒဏ်ပေးစနစ်ကျင့်သုံးရေး၊ ခိုးစားခြင်း၊ ပင်းလုပ်ခြင်း စိတ်ဓာတ်ဖျက်ဆီးမှုကို ပြုပြင်နိုင်ရေးတို့ ပါဝင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ခြုံငုံသုံးသပ်မှုအား တင်ပြရမယ်ဆိုရင် ပြုပြင်ပြောင်းလဲမှုကြောင့် အဂတိလိုက်စားမှုပျောက်ကွယ်လိမ့်မည်မဟုတ်ပါ။ စီးပွားရေး၊ နိုင်ငံရေး၊ တာဝန်ယူဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးမျှော်လင့်ချက်ဖြစ်ပါတယ်။

**မူကြမ်း**

ဒါ့အပြင် အဂတိလိုက်စားမှုကို အပြင်းအထန်နှိမ်နင်းနိုင်ရင်တော့ တိုင်းပြည်အတွက် အလေ့အကျင့်ကောင်းများသုံးရန် လမ်းစများရရှိကာ အောင်မြင်မှုဆီကို ဦးတည်နိုင်မှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ယခုအစိုးရသစ်လက်ထက်မှာ ခေါင်းဆောင်ကောင်းကလည်း ရှိနေပါပြီ။ ခေါင်းဆောင်ကောင်းကိုယ်တိုင်ကလည်း အဂတိမလိုက်စားသလို လာဘ်ပေးလာဘ်ယူမှုများကို စတင်တိုက်ဖျက်နေပြီ ဖြစ်ပါသောကြောင့် အဆိုရှင်ရဲ့ ပြည်ထောင်စုအစိုးရအပေါ်တိုက်တွန်းချက်အား လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းရဲ့ နိုင်ငံအဝန်းအဂတိလိုက်စားမှုများထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းပေးနိုင်ရေးပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံပေါင်း ၁၇၀ ကျော်မှာ အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှုအနည်းဆုံးနိုင်ငံများအဆင့်သတ်မှတ်ရာတွင် မြန်မာနိုင်ငံဟာ အဆင့်(၁၄၇)မှာရှိနေခြင်းဟာ နိုင်ငံရဲ့ဂုဏ်သိက္ခာကိုကျဆင်းစေပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံများထဲမှာလည်း အဂတိလိုက်စားမှုအများဆုံးဖြစ်နေတဲ့အတွက် အစိုးရအပေါ်မှာပြည်သူလူထုယုံကြည်မှု၊ အားကိုးမှုတွေ လျော့နည်းလာစေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝန်းလုံးမှာ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဌာနဆိုင်ရာဝန်ထမ်းတွေ ခန့်ထားရေး၊ ဌာနဆိုင်ရာအားလုံးရဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ကုမ္ပဏီတွေ၊ တစ်သီးပုဂ္ဂလတွေ၊ လုပ်ငန်းတင်ဒါတွေ၊ အခွင့်အရေးလိုင်စင်တွေအနိုင်ရရှိရေး ကြိုးစားကြတဲ့အခါမှာလည်း လာဘ်ပေးလာဘ်ယူမှုတွေ၊ အကျင့်ပျက်ခြစားမှုတွေ နှစ်ပေါင်းများစွာကတည်းက ယနေ့အထိရှိနေတာကို တွေ့မြင်ကြားသိနေရပါတယ်။ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် မြန်မာနိုင်ငံအတွင်းမှာ မြို့နယ်ပေါင်း ၃၃၀ ရဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးကို ရွေးချယ်ရာမှာ မှန်မှန်ကန်ကန်ရွေးချယ်ခံရသူများရှိသလို အချို့က အနိုင်ရရှိရေးအတွက် နည်းအမျိုးမျိုးနဲ့ လာဘ်ပေးလာဘ်ယူပြုလုပ်ခဲ့ကြတာကိုလည်း

ကြားသိနေရပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းများခန့်ထားရေးမှာလည်း ငွေသိန်း ၃၀၊ သိန်း ၂၀၊ ၁၀ သိန်း ခန့် လာဘ်မပေးဘူးဆိုရင် ဘာအလုပ်မှမရနိုင်ပါဘူး။ ဒါဟာ ဆင်းရဲသားလူတန်းစားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းရယူဖို့ဆိုတာ လွန်စွာဝေးကွာပါတယ်။ နိုင်ငံသားမှတ်ပုံတင်တို့ အိမ်ထောင်စုကတ်ပြားတို့ အသစ်ပြုလုပ်တဲ့အခါမှာလည်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနရုံးကို ရိုးရိုးလေးသွားလိုက်ရင် ဟိုထောက်ခံစာတောင်း၊ ဒီထောက်ခံစာတောင်း၊ မှတ်ပုံတင် နံပါတ်ရှာလာခဲ့ဖြင့် အလုပ်မအားသေးလို့ မနက်ဖြန်လာခဲ့ပါဆိုပြီး သုံးကြိမ်၊ လေးကြိမ်လောက် သွားရင်တောင် လုပ်လို့မရနိုင်ပါဘူး။ ငွေသုံးသောင်း၊ ငွေနှစ်သောင်းလောက်၊ ငွေတစ်သောင်းလောက် နေ့ချင်းပြီးလုပ်ပေးလိုက်တာနဲ့ပေးနေပါတယ်လို့ ဒေသခံတွေက ခဏခဏတိုင်ကြားတာတွေ ရှိနေပါ တယ်။ အခြေခံပညာ ထက်၊ လယ်၊ မူကျောင်းတွေ ဆောက်လုပ်ခွင့်ရရှိရေး အမှုတွဲတင်တဲ့အခါ မှာလည်း ငွေတစ်သိန်းခန့်ကုန်ကျကြောင်း သက်ဆိုင်ရာမြေစာရင်းဌာနမှာ ငွေသုံးသောင်း၊ လေးသောင်း၊ ငါးသောင်းခန့် ပေးရကြောင်းကြားသိနေရပါတယ်။ စိုက်ဘဏ်ချေးငွေရရှိရေးမှာလည်း မြေစာရင်းနဲ့ စိုက်ပျိုးရေးဌာနတွေမှာ ငွေပေးမှအဆင်ပြေကြောင်း၊ သက်ဆိုင်ရာ ရပ်/ကျေးဥက္ကဋ္ဌများက ငွေကြေးကောက်ခံမှုတွေရှိနေကြောင်း ကြားသိနေရပါတယ်။ နောက်ပြီးတော့ အမှုအခင်းကြီးငယ်တွေ ဖြစ်လို့ သက်ဆိုင်ရာရဲစခန်းတွေမှာ အမှုဖွင့်တရားစွဲရင်လည်း ငွေငါးထောင်မှ ငါးသောင်းအထိ ပေးရ တဲ့ မြို့နယ်တွေရှိနေတဲ့အကြောင်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုကင်းစင်ပပျောက်ရေးအတွက် အောက်ပါအချက်တွေကို ကျင့်သုံးသင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ (၁) လက်ဆောင်ပစ္စည်းလက်ခံခြင်းနဲ့ ပတ်သက် ၍ နိုင်ငံတော်သမ္မတရုံးလမ်းညွှန်ချက်ကို တိကျလိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ (၂) အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို အမြန်ဆုံးပြင်ဆင်သင့်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကိုလည်း အမှန်တကယ်သတ္တိရှိတဲ့ လုပ်ရဲကိုင်ရဲတဲ့ပုဂ္ဂိုလ်တွေနဲ့ ဗဟိုအဆင့်မှ ခရိုင်အဆင့် ထိတိုးချဲ့ဖွဲ့စည်းဖို့ လိုအပ်နေပါတယ်။ (၃) လာဘ်ပေးလာဘ်ယူမှုများ ပေါ်ပေါက်လာပါက လာဘ်ပေး သူများ အရေးယူအပြစ်ပေးမည်မဟုတ်ဘဲ လာဘ်ယူသူကိုသာ အရေးယူမည်ဖြစ်ကြောင်း ဥပဒေ ပြဋ္ဌာန်းပေးဖို့ လိုအပ်ပါတယ်။ (၄) ကော်မရှင်ကို တိုင်ကြားလာတဲ့ အဂတိလိုက်စားမှုတွေကို သေသေ ချာချာ စုံစမ်းစစ်ဆေးပြီး ပြစ်မှုထင်ရှားလို့ရှိရင် ထိရောက်သောစံနမူနာပြ အရေးယူဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ (၅) စသုံးလုံးကဲ့သို့ အဂတိလိုက်စားမှုကို အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့များ ပြန်လည်အားဖြည့် အသက်သွင်းဖို့ လိုအပ်ပါတယ်။ (၆) တစ်နိုင်ငံလုံး လဝက ရုံးများ၊ စိုက်ဘဏ်များ၊

မြေစာရင်းဌာနများတွင် ဝန်ထမ်းအင်အား မဖြစ်မနေတိုးချဲ့ခန့်ထားဖို့ လိုအပ်နေပါတယ်။ ဒေါက်တာသန်းဝင်းရဲ့အဆိုကို မှတ်တမ်းတင်ရုံမဟုတ်ဘဲ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတည်ပြုဆုံးဖြတ်ဖို့လည်း လိုအပ်ပါတယ်။ အထက်ပါအချက်တွေကို တစ်နိုင်ငံလုံး တိတိကျကျ ဆောင်ရွက်နိုင်မယ်ဆိုရင် အဂတိလိုက်စားမှုကင်းစင်တဲ့ နိုင်ငံဖြစ်လာမည်မှာ အမှန်ပင်ဖြစ်ကြောင်း အကြံပြုတင်ပြရင်း ဒေါက်တာသန်းဝင်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံ ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းရဲ့အဆိုကို အကြံပြုရင်း ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လာဘ်ပေးလာဘ်ယူမှုနှင့် ပတ်သက်ပြီးတော့ ကိုယ့်ကိုလာဘ်ပေးတယ်ဆိုတာဟာ တကယ်တော့ ကိုယ့်ကိုစော်ကားတာပါပဲ။ မင်းဟာ ဝယ်လို့ရတယ်လို့၊ ဝယ်လို့ရတဲ့ပစ္စည်းလို့ ပြောလိုက်တာနဲ့ အတူတူပါပဲလို့ မိန့်ကြားခဲ့တာကို ကျွန်တော့်အနေနဲ့ မှတ်သားမိပါတယ်။ နောက်ပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းမှာ အဂတိကင်းစင်တဲ့ လူ့အသိုင်းအဝိုင်း ဖော်ဆောင်ရန် လိုအပ်သလို ထိရောက်စွာဆောင်ရွက်မယ်ဆိုတဲ့ အချက်ပါရှိပါတယ်။ ဒီကြေညာချက်အတိုင်းပဲ NLD ပါတီရဲ့ အစိုးရအဖွဲ့ကလည်း အဂတိကင်းစင်ရေးအတွက် ကြိုးစားလုပ်ဆောင်မယ်ဆိုတာဟာ မြေကြီးလက်ခတ်မလွဲ သေချာပါတယ်။

သို့သော်လည်းပဲ ရပ်/ကျေးတွေကို ဆင်းပြီးတော့ ပြည်သူတွေနဲ့ တွေ့ဆုံတဲ့အခါမှာ ပြည်သူများဟာ သူတို့နဲ့အတွေ့အထိများတဲ့ အစိုးရဌာနများဖြစ်တဲ့ တရားရုံး၊ ရဲစခန်း၊ လဝက၊ မြေစာရင်း၊ စိုက်ဘဏ်စသည်တွေမှာ လာဘ်ပေးနေရတဲ့ကိစ္စတွေ၊ အဂတိတရားလိုက်စားကြတဲ့ အကြောင်းအရပ်တွေကို ညည်းတွားပြီးတင်ပြကြပါတယ်။ သူတို့ရဲ့ တင်ပြချက်တွေအရ လာဘ်ယူသူဝန်ထမ်းအများစုဟာလည်းပဲ တိုက်ဆောက်၊ ကားစီးရလောက်အောင် များပြားတဲ့ငွေကြေးပမာဏကို ရယူကြခြင်း

မဟုတ်ဘဲနဲ့ နေ့စဉ်ဘဝတွေကို ဖြတ်သန်းရုန်းကန်နိုင်ရုံလောက်အောင်သာ ရရှိနိုင်တဲ့ပမာဏများ ဖြစ်တာကို တွေ့ရပါတယ်။ ဒါပေမဲ့လည်း ဒီပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့ ရာထူး၊ အခွင့်အာဏာ၊ လုပ်ပိုင်ခွင့်တွေကို အလွဲသုံးစားလုပ်ပြီးတော့ အဂတိလိုက်စားမှုအရာမြောက်နေတာပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီဖြစ်ရပ်ကို ပြန်ပြီးသုံးသပ်ကြည့်တဲ့အခါမှာ ဌာနဆိုင်ရာဝန်ထမ်းတွေရဲ့ လစာ၊ ထောက်ပံ့ကြေးတွေဟာ စားဝတ်နေရေးအတွက် မလောက်မင ဖြစ်နေတာဟာလည်းပဲ ဒီအဂတိလိုက်စားမှုအတွက် တွန်းအား ပေးနေတဲ့အကြောင်းတစ်ရပ် ဖြစ်တာကိုတွေ့မြင်ရပါတယ်။ နောက်တစ်ခါ ပြည်သူတွေကို ဝန်ဆောင်မှု ပေးနေတဲ့ အစိုးရဌာနတွေမှာဌာနဆိုင်ရာအသုံးအဆောင်၊ ရုံးပစ္စည်း၊ ကိရိယာများ ဥပမာအားဖြင့် စာရွက်စာတမ်း၊ ဌာနဆိုင်ရာသုံးပုံစံများ စသည်များအား ပြည့်စုံလုံလောက်ခြင်းမရှိတာကလည်းဘဲ အကြောင်းတစ်ရပ်ဖြစ်ပါတယ်။ စာရွက်စာတမ်းကြေး၊ ပုံစံကြေးတွေနဲ့ရောပြီးတော့ ဝန်ဆောင်ကြေးတွေကိုပါ ဝန်ထမ်းအချို့များက တောင်းခံနေရတာ ဖြစ်ပါတယ်။ နောက်တစ်ခု ပြည်သူတွေဟာဆိုရင်လည်း ရုံးပြင်ကနားကို ဝင်ထွက်သွားလာဖို့က တော်တော်လေးဝန်လေးပါတယ်။ မလွဲမရှောင်သာ လို့သာ သွားနေရခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူတွေအနေနဲ့ ရုံးရဲ့ ထုံးစံနည်းလမ်းများကို မသိရှိခြင်းအပေါ်မှာ အခွင့်ကောင်းယူပြီးတော့ အချို့သောဝန်ထမ်းများဟာလည်းပဲ လာဘ်ပေးလာဘ်ယူမှုကို ပြုလုပ်ဖို့အတွက် အခွင့်အရေးတစ်ခု ဖြစ်နေပါတယ်။ ဒီသုံးသပ်ချက်တွေအရ အဂတိကျဆင်းရေး လုပ်ဆောင်ရတဲ့နေရာမှာ ဌာနဆိုင်ရာဝန်ထမ်းတွေကို အူမတောင့်မှ သီလစောင့်နိုင်မယ်ဆိုတဲ့စကား အတိုင်း လုံလောက်တဲ့ လစာ၊ ထောက်ပံ့ကြေးများရရှိအောင် စီမံဖန်တီးဖို့လိုပါတယ်။ အူမတောင့်နေသော်လည်းပဲ သီလမစောင့်တဲ့လူတွေကိုလည်း ထိရောက်စွာအရေးယူဆောင်ရွက်ဖို့ လိုပါတယ်။ ဌာနဆိုင်ရာတွေမှာလည်းပဲ ရုံးအသုံးအဆောင်ပစ္စည်း၊ စာရွက်စာတမ်း၊ ရုံးပုံစံသည်တွေကို ပြည့်စုံအောင်စီမံပေးဖို့ လိုပါတယ်။ ရုံးဌာနတွေမှာလည်းပဲ ပွင့်လင်းမြင်သာမှုရှိပြီးတော့ ပြည်သူတွေကို ရုံး၊ ဌာနတွေနဲ့ ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းတွေကို အသိပေးကြေညာထားဖို့ဆိုတဲ့ အစီအမံများကိုလည်းပဲ လုပ်ဆောင်ထားဖို့သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သောအစိုးရဌာနတွေမှာ ခေတ်စနစ်နှင့်မလျော်ညီဘဲနဲ့ ပြည်သူတွေ အတွက် တာဝန်ပိစေတဲ့ အစီအစဉ်တွေ၊ နည်းလမ်းတွေ၊ ကြိုးနီစနစ်တွေရှိနေပါသေးတယ်။ ဒီပြည်သူများအနေနဲ့ ဒီအခက်အခဲတွေကို ကျော်လွှားပြီးတော့ မိမိတို့ရဲ့ကိစ္စ၊ လိုအင်ဆန္ဒတွေကို ပြီးမြောက်အောင် လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှုနည်းလမ်းတွေကို သုံးလာကြပါတယ်။ ဒီလို ပြည်သူတွေနဲ့ ဝန်ထမ်းတွေ အဂတိကျူးလွန်ရန်ဖြစ်စေတဲ့ နည်းလမ်းစည်းကမ်းတွေများကိုလည်းပဲ ပြန်လည်

**မူကြမ်း**

စိစစ်ပြုပြင်ရန် လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သော အစိုးရဌာနများမှာဆိုလို့ရှိရင် ရာထူးရရှိရေး၊ ရာထူးတိုးရေး၊ အလုပ်နေရာပြောင်းရွှေ့ရေးစသည်တို့မှာ အခွင့်အာဏာရှိသူများကို လာဘ်ပေးနေရတာကိုလည်းပဲ ကျွန်တော်တို့အနေနဲ့ ကြားသိနေရပါတယ်။ ဒီလိုကိစ္စရပ်တွေကို တားဆီးဟန့်တားနိုင်ဖို့ဆိုတာမှာ ဌာနဆိုင်ရာများမှ ချမှတ်ထားတဲ့ ဝန်ထမ်းစည်းကမ်း၊ ဥပဒေသတ်မှတ်ချက်တွေကို တိတိကျကျ၊ လေးလေးစားစားလိုက်နာကျင့်သုံးနိုင်အောင် စီမံဆောင်ရွက်ကြပ်မတ်သင့်ပါတယ်။ တကယ့်တကယ်တော့ ဝန်ထမ်းဆိုတာလည်း ပြည်သူတွေထဲက ပြည်သူပဲ ဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူများအနေနဲ့ တရားဥပဒေကို လေးစားလိုက်နာရပါမယ်။ မိမိတို့ရဲ့အခွင့်အရေး၊ ရပိုင်ခွင့်နဲ့ တာဝန်ပိုင်းများကိုလည်းပဲ သိရှိနားလည်ထားဖို့လိုပါတယ်။ ဥပဒေမဲ့ မိမိနဲ့မလျော်ဘဲနဲ့ မိမိနှင့်မထိုက်တန်တဲ့ အခွင့်အရေးတွေကို ရယူလိုခြင်းများကို မဖြစ်အောင်လို့ ကြိုးစားကြရပါမယ်။ ခေတ်အဆက်အဆက်က ဖြစ်ပျက်ခဲ့တဲ့ အဂတိလိုက်စားမှုရေစီးကြောင်းမှာ မျောမပါဘဲနဲ့ ပြောင်းလဲဖို့လိုလာပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်းပြည်မှာ ရပ်/ကျေးအဆင့်ကနေပြီးတော့ မြို့နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့်အထိ အကျင့်ပျက်လာဘ်စားမှု၊ အဂတိလိုက်စားမှု၊ နိုင်ငံပိုင်ငွေကြေးတွေကို ကိုယ်ကျိုးစီးပွားအတွက် သုံးစွဲရခြင်းစတဲ့ အာဏာနဲ့ လုပ်ပိုင်ခွင့်တွေကို အလွဲသုံးစားပြုမှုတွေကြောင့် ကျွန်တော်တို့နိုင်ငံဟာ ဆင်းရဲမွဲတေမှုဒဏ်ကိုခံရပါတယ်။ နိုင်ငံရဲ့ဂုဏ်သိက္ခာလည်း ကျဆင်းခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတွေကို ပြည်သူတွေအနေနဲ့ တရားဥပဒေလိုက်နာမှု၊ စည်းမျဉ်းစည်းကမ်းများကို ရိုသေလိုက်နာမှုစသည်တို့နှင့် ရှောင်ရှားရမှာဖြစ်သလို အုပ်ချုပ်သူအစိုးရတွေအနေနဲ့လည်း အဂတိလိုက်စားမှုဖြစ်ပေါ်ခြင်းတွေကို တားဆီးကာကွယ်နိုင်တဲ့ အစီအမံများ၊ ထိန်းကျောင်းမှုများကို ပြုလုပ်ပေးရန်လိုပါတယ်။ အဂတိလိုက်စားမှုကျူးလွန်ခြင်းများကိုလည်းပဲထိရောက်တဲ့ ဥပဒေများနဲ့အရေးယူ ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်း တင်သွင်းခဲ့တဲ့ နိုင်ငံအဝန်းအဂတိလိုက်စားမှုများ ထင်ရှားသိသာစွာကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းဆိုတဲ့အဆိုကို လေးနက်စွာထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မြန်မာနိုင်ငံဟာဆိုရင် လူထုတစ်ရပ်လုံးရဲ့ပါဝင်မှုနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ဖို့ ကြိုးပမ်းနေတဲ့ကာလဖြစ်တယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်ရှင်။ ဒီပန်းတိုင်ကို အရောက်သွားဖို့ရာ ကျွန်မတို့အားလုံး ပူးပေါင်းဆောင်ရွက်ဖို့ အထူးလိုအပ်လှပါတယ်ရှင်။ ယနေ့ လက်ရှိမှာတော့ ကျွန်မတို့အားလုံးအတွက် အဓိကစိန်ခေါ်ချက်တွေထဲက အဂတိတရားကင်းစင်တဲ့ လူမှုဘဝလုံခြုံခြင်းဟာ အဓိကကျတယ်လို့ယုံကြည်ပါတယ်ရှင်။ လူမှုဘဝတွေအတွက် ဖွံ့ဖြိုးရေးတွေလုပ်ဆောင်ဖို့ရာ အစိုးရတစ်ရပ်ရဲ့တာဝန်ဆိုတာဖြစ်ပြီး ဘတ်ဂျက်ရှိနေဖို့လည်း လိုအပ်ပါတယ်ရှင်။ ကမ္ဘာပေါ်တွင် မည်သည့်အစိုးရမျှ ငွေမရှိဘဲ တိုင်းပြည်နိုင်ငံအုပ်ချုပ်ရေးတာဝန်ကို ဆောင်ရွက်မသွားနိုင်ချေ။ ထို့ကြောင့် ကိုယ့်အစိုးရအား ကျသင့်သောအခွန်ဘဏ္ဍာများကို ကြည်သာပျူငှာစွာပေးဆောင်ခြင်းသည်ပင် လွတ်လပ်သောလူမျိုးအဖြစ်ကို ထင်ရှားစေသော မှတ်ကျောက်ဖြစ်ပေသည်။ လက်ရှိအစိုးရသည် အဆွေတို့၏ လူထုအစိုးရပင်ဖြစ်သည်ဟု ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့ပါတယ်ရှင်။ အဂတိတရားနဲ့အခွန်ဘဏ္ဍာတို့ဟာ တိုက်ရိုက်ချိတ်ဆက်မှုရှိတယ်ဆိုတာကို ဥပမာအနေနဲ့တင်ပြရမယ်ဆိုရင် ၂၀၁၅-၂၀၁၆ ဒုတိယခြောက်လပတ်အခွန်ရငွေအစီရင်ခံစာအရ လျာထားအခွန် ပြည့်မီကျော်လွန်သည့်အခွန် (၁၀)မျိုးမှာ သစ်တောများမှပစ္စည်းထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် လျာထားချက်မှာ ၆၇၅၄.၂၅၇ သန်းဖြစ်သော်လည်း အခွန်ရငွေ ၆၈၈၆. ၇၄၉ သန်းကို ရရှိခဲ့ပါတယ်။ ထိုသို့ ၁၀၁.၉၆ ရာခိုင်နှုန်း လျာထားချက်ပြည့်မီကျော်လွန်ရခြင်းမှာ မြန်မာ့သစ်လုပ်ငန်းမှ ထုတ်ယူသောသစ်တောထွက်ပစ္စည်းများနှင့် တစ်သီးပုဂ္ဂလတို့မှ အခွန်ရငွေများ၊ ဖမ်းဆီးသစ်လေလံတင်ရောင်းချရငွေများပါဝင်သဖြင့် ပိုမိုကောက်ခံရရှိခြင်းဖြစ်တယ်ဟု အစီရင်ခံစာမှာဖော်ပြထားခြင်းက တရားမဝင်ကုန်သွယ်မှုလုပ်ငန်းတွေ အမှန်တကယ်ရှိနေတယ်ဆိုတာကို သက်သေခံပြီး ဒီလုပ်ငန်းတွေအားကောင်းနေတယ်ဆိုတာဟာ အဂတိတရားရှိနေလို့ဆိုတာကို မြင်သာပါတယ်ရှင်။ ဒီတရားမဝင်လုပ်ငန်းများရှိနေခြင်းရဲ့ဆိုးကျိုးများကတော့ နိုင်ငံတော်မှရသင့်သည့် အခွန်ဘဏ္ဍာများဆုံးရှုံးစေပြီး အကျိုးဆက်အနေဖြင့် တိုင်းပြည်အတွက်လိုအပ်သည့် ဘတ်ဂျက်ခွဲဝေမှုများမှာ လျော့နည်းလာကာ လူမှုတရားမမျှတမှုတွေ ဖြစ်လာမှာဖြစ်ပါတယ်ရှင်။ ဒီမမျှတမှုတွေက မငြိမ်းချမ်းခြင်းကိုဖြစ်ပေါ်စေမှာ

**မူကြမ်း**

ဖြစ်ပြီး ဖွံ့ဖြိုးမှုနိမ့်ကျကာ ဆင်းရဲတွင်းနက်သထက်နက်လာမှာဖြစ်ပါတယ်ရှင်။ လူမှုဘဝမလုံခြုံခြင်းက လည်း မငြိမ်းချမ်းခြင်းတစ်မျိုးဘဲဖြစ်ပါတယ်ရှင်။ အထူးသဖြင့် တရားမဝင်စျေးကွက်ကြီးစိုးရာနေရာ ဒေသအများစုဟာ မြေပေါ်မြေအောက်သယံဇာတ ပေါကြွယ်ဝရာနေရာများမှာ အများဆုံးဖြစ်တယ် ဆိုတာကို ဖားကန့်မှကိုယ်စားလှယ်ရဲ့ဆွေးနွေးချက်က သက်သေခံပါတယ်ရှင်။ ထို့အတူ နိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးကြီးဆုံးဖြစ်သည့် စီးပွားရေးမူဝါဒများချမှတ်ရာတွင် အခြေခံရမည့်မူ များကို ဇူလိုင်လ ၂၉ ရက်နေ့မှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ပြည်ထောင်စုတစ်ဝန်းလုံး၌ တတ်နိုင်သမျှ ညီတူညီမျှဖွံ့ဖြိုးမှုရရှိရန် အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုအခြေခံသည့် စီးပွားရေးမူဝါဒကို အကောင်အထည်ဖော် မည်ဟု ရှင်းလင်းပြောကြားခဲ့ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒါကြောင့်မို့လို့ အဂတိတရားကို တိုက်ဖျက်နိုင် ပါမှ ပြည်သူ့ဘဏ္ဍာစီးဝင်မှုအားကောင်းပြီး ပြည်သူ့ဝန်ဆောင်မှုဘတ်ဂျက်ပိုမိုသုံးစွဲနိုင်ကာ ငွေကြေး ခိုင်မာမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ အားကောင်းလာပြီး လူမှုဘဝမျှတဖူလုံလာကာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖော်ဆောင်ရာမှာလည်း များစွာပံ့ပိုးမှုရှိမယ်လို့ ယုံကြည်ပါတယ်ရှင်။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေဖြင့် ပြောရမယ်ဆိုရင် ကျွန်မတို့ဆီမှာ မဏ္ဍိုင်ကြီး ငါးရပ်လို့ပြောတဲ့ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ မီဒီယာနှင့် ပြည်သူလူထုတို့ကြားမှာ ကူးလူးဆက်ဆံတဲ့အခါမှာ သေရာသို့ပါမည်မဟုတ်သော ရာထူးဂုဏ်သိမ်စည်းစိမ်များနှင့် သေရာသို့ ပါမည်ဖြစ်သော အကုသိုလ်တရားတို့ကို အလဲအထပ်မပြုပါနှင့်ဟု တိုက်တွန်းပြီးတော့မှ အဂတိတရား လျော့နည်းသည့် လူမှုအသိုက်အဝန်းပေါ်ပေါက်လာခြင်းသည် မြန်မာနိုင်ငံ၏အကြီးမားဆုံးသော ပြောင်းလဲမှုဖြစ်သည်ဟု ယုံကြည်ပါကြောင်းပြောကြားရင်း အဆိုရှင်၏အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန် အစည်းအဝေး ကို ရပ်နားပါမယ်။ အစည်းအဝေးကို နေ့လယ် ၁၃း၃၀ မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာ ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၂ နာရီခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေစိုးအောင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ တင်သွင်းတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ အဂတိလိုက်စားမှုများခြင်း၊ နည်းခြင်းဟာ အဲဒီနိုင်ငံရဲ့ဂုဏ်သိက္ခာနဲ့ တိုက်ရိုက်အချိုးကျ ဆက်စပ်နေပါတယ်။ အဂတိလိုက်စားမှုများမယ်ဆိုလို့ရှိရင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရရဲ့အုပ်ချုပ်မှုစွမ်းရည်ဟာ ကျဆင်းစေပါတယ်။ အုပ်ချုပ်မှုစွမ်းရည်ကျဆင်းလာတာနှင့်အမျှ အစိုးရအပေါ်ထားတဲ့ ပြည်သူလူထုရဲ့ယုံကြည်မှုကလည်း အလိုလိုကျဆင်းလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာစစ်တမ်းများအရ အဂတိလိုက်စားမှုအများဆုံးနိုင်ငံများ စာရင်းဝင်အဖြစ် လေ့လာတွေ့ရှိရပါတယ်။ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပြန်ရင်လည်း အဂတိလိုက်စားမှုအများဆုံးနိုင်ငံဖြစ်နေတာကို စိတ်မကောင်းစွာ တွေ့မြင်နေရပါတယ်။ ယနေ့ ဒီအချိန်မှာ ဒီလို ညွှန်းကိန်းတွေမြင့်တက်နေရတာဟာဆိုရင် ကျွန်တော်တို့နိုင်ငံကို အုပ်ချုပ်ခဲ့တဲ့ အစိုးရအဆက်ဆက်အနေနဲ့ သေချာစွာကိုင်တွယ်ဖြေရှင်းခြင်းမပြုဘဲ ဆိုင်းဘုတ်ကောင်းကောင်း၊ ဆောင်ပုဒ်ကောင်းကောင်း

ရေးပြီး ဖုံးကွယ်ဖြေရှင်းဖို့ကြိုးစားခဲ့တဲ့ နောက်ဆက်တွဲအကျိုးဆက်ဆိုးမွေတွေလို့ ဆိုရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုကို ယေဘုယျအားဖြင့် အသေးစားအဂတိလိုက်စားမှုနှင့် အကြီးစားအဂတိလိုက်စားမှုဆိုပြီး နှစ်မျိုးခွဲခြားနိုင်ပါတယ်။ ပထမတစ်ခုဖြစ်တဲ့ အသေးစားအဂတိလိုက်စားမှုဟာဆိုရင်လည်း နာမည်ကသာအသေးစားဆိုပေမယ့် ကျွန်တော်တို့ လူမှုပတ်ဝန်းကျင်မှာ ကျယ်ကျယ်ပြန့်ပြန့် တွေ့မြင်နေရပါတယ်။ ကာလရှည်ကြာစွာအမြစ်စွဲကပ်လာပြီးတော့ ယဉ်ကျေးမှုတစ်ခုအသွင်နဲ့ ကျွန်တော်တို့ရဲ့ နေ့စဉ်လူမှုဘဝတွေကိုတောင် လွှမ်းမိုးထားနိုင်တဲ့အနေအထားကို ရောက်သွားပါပြီ။ စာရွက်စာတမ်းကြေးတို့၊ လက်ဖက်ရည်ဖိုးတို့၊ ဂါရတာတို့၊ ကြည့်ကောင်းအောင်လုပ်ပါတို့ စတဲ့ လာဘ်ပေးလာဘ်ယူမှုကို အားပေးတဲ့ ကျူးလွန်တဲ့စကားလုံးများဟာ၊ အဓိပ္ပာယ်များဟာ နေ့စဉ်သုံး စကားလုံးလို၊ အလေ့အကျင့်လိုဖြစ်နေတာဟာ အင်မတန်စိုးရိမ်ဖွယ်ကောင်းလှပါတယ် ခင်ဗျာ။

ဒုတိယတစ်ခုဖြစ်တဲ့ အကြီးစားအဂတိလိုက်စားမှုကိုတော့ သာမန်ပြည်သူတစ်ယောက်အနေနဲ့ ကျူးလွန်ဖို့ရာ မဖြစ်နိုင်ဘူးဆိုတာကိုတော့ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါ့အပြင် အကြီးစားအဂတိလိုက်စားမှုတွေကို သာမန်ပြည်သူတစ်ယောက်အနေနဲ့ တိတိကျကျသေသေချာချာ စုံစမ်းသိရှိနိုင်ဖို့လည်း လုံးဝမဖြစ်နိုင်တဲ့အနေအထားပါ။ သို့သော်လည်းပဲ အဂတိလိုက်စားမှုတွေ ထင်ထင်ရှားရှားရှိနေတယ်ဆိုတာကတော့ ဘယ်သူမှငြင်းလို့မရပါဘူးခင်ဗျား။ ခေတ်အဆက်ဆက် အချို့သောပုဂ္ဂိုလ်ကြီးများ၊ နိုင်ငံ့ဝန်ထမ်းကြီးများ၊ အဖွဲ့အစည်းကြီးများဟာ မိမိတို့ရဲ့ဝင်ငွေ၊ စရိတ်၊ လစာနှင့် မလိုက်အောင်ကို ချမ်းသာကြွယ်ဝနေကြတာလည်း အထင်အရှားဖြစ်ပါတယ်။ တချို့များဆိုရင် ကြီးကြီးမားမားစီးပွားရေးလုပ်ငန်းများမရှိဘဲနဲ့တောင် အံ့သြဘနန်းဖြစ်ဖွယ် ချမ်းသာကြွယ်ဝနေကြပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဆုံးရှုံးသွားတဲ့ တိုင်းပြည်ဘဏ္ဍာတွေဖြစ်ပါတယ်။ ဆက်လက်ပြီး မဖြစ်ပေါ်အောင်လည်း ကျွန်တော်တို့အနေနဲ့ အဆောတလျင်ကြပ်မတ်ဆောင်ရွက်သင့်နေပြီဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကြီးက ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှာ ပြဋ္ဌာန်းအတည်ပြုပေးခဲ့ပါတယ်။ ဒါ့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့တာဟာဆိုရင်လည်း သုံးနှစ်နီးပါးကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ သို့သော်လည်းပဲ အောင်မြင်မှုအနေအထားကို ပြန်ကြည့်လိုက်ရင် အားရစရာမရှိတဲ့အနေ

အထားဖြစ်ပါတယ်။ တိုင်ကြားစာတွေ များစွာလက်ခံရရှိခဲ့ပေမယ့် အရေးယူဆောင်ရွက်ပေးနိုင်တာက လည်းအင်မတန်ကိုနည်းလွန်းနေပါတယ်။ နိုင်ငံတကာအညွှန်းကိန်းတွေက ကမ္ဘာမှာအဂတိလိုက်စားမှု အများဆုံးနိုင်ငံများစာရင်းဝင်ဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံဟာ အရေးယူမှုမှာ အလွန်နည်းပါးနေ တာကတော့ မေးခွန်းထုတ်ရမယ့်အနေအထား ဖြစ်နေပါတယ်။ ဒီလိုသာဆက်ဖြစ်နေဦးမယ်ဆိုရင်တော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေရဲ့ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ရာ အလှမ်း ဝေးနေဦးမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေ အောင်မြင်ဖို့အတွက်ဆိုလို့ရှိရင် နိုင်ငံ့ဝန်ထမ်းများကို ခေတ်နှင့်လျော်ညီတဲ့လုပ်ခလစာတွေ၊ စရိတ်၊ ချီးမြှင့်ငွေတွေ၊ သင့်တင့်တဲ့အဆောင်အယောင်တွေ၊ ကောင်းမွန်သောလုပ်ငန်းခွင်အခြေအနေကို ဖန်တီးထောက်ပံ့ပေးဖို့လည်း လိုအပ်ပါတယ်။ Stick and Carrot လို့ခေါ်တဲ့ ဆုပေးဒဏ်ပေးစနစ် တွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးသင့်ပါတယ်။ အဂတိလိုက်စားတဲ့ဝန်ထမ်းတွေကို နေရာ ရွှေ့ပြောင်းပြီး စားကျက်ပြောင်းပေးတာမျိုးမဟုတ်ဘဲ ဥပဒေနှင့် ထိရောက်စွာအရေးယူဖို့လည်း လိုအပ်ပါတယ်။ ဒ့ါအပြင် အဂတိလိုက်စားမှုကင်းတဲ့ဝန်ထမ်းများကိုလည်း ချီးမြှောက်ဖို့ရာ လိုအပ်ပါ တယ်ခင်ဗျား။ ဝန်ကြီးဌာနအသီးသီးရဲ့ လုပ်ငန်းစဉ်တွေ၊ လုပ်ငန်းလမ်းညွှန်တွေဟာ အင်မတန်ရှုပ်ထွေး ပြီး အချိန်အင်မတန်ကြာမြင့်ပါတယ်။ ဒါတွေဟာ အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေဖို့အတွက် တွန်းအား တွေဖြစ်နေပါတယ်။ ဒါကြောင့် ဒါတွေကို ပြန်လည်သုံးသပ်ပြင်ဆင်ဖို့လည်း လိုအပ်နေပါတယ်။ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဖော်ဆောင်ရာမှာ အောင်မြင်ဖို့အတွက်ဆိုလို့ရှိရင် လူထုတစ်ရပ် လုံးပါဝင်လာဖို့အတွက် အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် လူထုကြားမှာ အသိပညာပေး လုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ဖို့လည်း လိုပါတယ်။ နိဂုံးချုပ်အနေနဲ့ အစိုးရတစ်ရပ်ရဲ့ စွမ်းရည်ကို တိုင်းတာတဲ့ပေတံများစွာထဲကမှ အရေးအကြီးဆုံးပေတံဖြစ်တဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးပေတံဟာ ကျွန်တော်တို့အစိုးရကို တိုင်းတာတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် တို့အနေနဲ့ မဖြစ်မနေဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒေါက်တာသန်းဝင်း တင်သွင်းတဲ့ နိုင်ငံ့အဝန်းအဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်း မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ မြောက်ဥက္ကလာပ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းရဲ့ နိုင်ငံအဝန်းအဂတိလိုက်စားမှုများ သိသာထင်ရှားစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အဂတိနှင့်ပတ်သက်ပြီးတော့ ပြောရရင် လာဘ်ပေးလာဘ်ယူကိစ္စဟာ အဓိကကျပါတယ်။ လာဘ်ပေးလာဘ်ယူမှာ လာဘ်မပေးရမှာကို ကြောက်တဲ့သူနဲ့ လာဘ်ပေးရမှာကို ကြောက်တဲ့သူဆိုပြီးတော့ နှစ်မျိုးတွေ့ရှိရပါတယ်။ အထူးအခွင့်အရေးလိုချင်တဲ့သူတွေဟာ အာဏာရှိတဲ့သူတွေ၊ လုပ်ပိုင်ခွင့်ရှိတဲ့သူတွေကို လာဘ်ပေးပြီးတော့ အဲဒီလုပ်ပိုင်ခွင့်အပေါ်မှာ ငွေကြေးရှာကြတဲ့ သူတွေဖြစ်ပါတယ်။ သူတို့ကတော့ လာဘ်မပေးရင် လုပ်ပိုင်ခွင့်မရရှိနိုင်တဲ့အတွက်ကြောင့် လာဘ်ပေးချင်ကြတဲ့သူတွေဖြစ်ပါတယ်။ နောက် လာဘ်မပေးချင်တဲ့သူတွေကတော့ ကျွန်တော်တို့နိုင်ငံသားအများစုဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ကျွန်တော်တို့နိုင်ငံသားတွေဟာ မိမိရဲ့အခြေခံရပိုင်ခွင့်အတွက်ကိုပဲ လာဘ်မပေးရင် အဆင်မပြေ၊ မချောမွေ့ကြပါဘူး။ ဒါကြောင့် အဲဒီအခြေအနေ၊ အဲဒီအခွင့်အရေးတွေကို လိုချင်တဲ့အတွက်ကြောင့် လာဘ်ပေးရတာဖြစ်ပါတယ်။ လာဘ်ပေးတာချင်းတူပေမယ့် ရည်ရွယ်ချက်ချင်း ကွာခြားပါတယ်။ ဒါကို တရားဥပဒေအရ လာဘ်ပေးသူရော လာဘ်ယူသူပါ အပြစ်ရှိကြတယ်ဆိုရင်တော့ မိမိအခြေခံအခွင့်အရေးရဖို့ကို လာဘ်ပေးနေရတဲ့ ကျွန်တော်တို့နိုင်ငံသားတွေကို ရက်စက်လွန်းရာကျပါတယ်။ လာဘ်ပေးတဲ့လူတစ်ယောက်ဟာ မိမိအမှန်တရားကို သိပါလျက်နှင့် မိမိရဲ့ယုံကြည်ချက်ကို စွန့်လွှတ်ပြီးတော့ မိမိကိုယ်ကို စွန့်လွှတ်ရတဲ့အတွက်ကြောင့် မိမိရဲ့ယုံကြည်မှုကို ကျဆင်းစေပါတယ်။ လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေပါတယ်။ ဘဝလုံခြုံမှုမရှိဘူးလို့ ခံစားရပါတယ်။ ဒီလို ဘဝလုံခြုံမှုမရှိဘူးလို့ ခံစားရလျှင် အစိုးရကိုလည်း အယုံအကြည်ကင်းမဲ့စေပါတယ်။ အကျိုးဆက်ကတော့ အစိုးရရဲ့ နိုင်ငံတော်တည်ဆောက်မှုလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်မှုကို အားနည်းစေမှာဖြစ်ပါတယ်။ ပြည်သူလူထုပူးပေါင်းပါဝင်မှုအားနည်းရင် ဒီမိုကရေစီစနစ်ဖော်ဆောင်ရာမှာ အားနည်းမှာ အသေအချာပါပဲ။ နိုင်ငံတော်တည်ဆောက်ရေးမှာ ဒါအဂတိရဲ့ အကျိုးဆက်ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုရေးကဏ္ဍအနေနဲ့ကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့ ယခုခေတ်မှာ ဘွဲ့ရလူငယ်တစ်ယောက်ဟာ ဝန်ထမ်းလုပ်မယ်ဆိုရင် မိမိဘာကိုကျွမ်းကျင်သလဲ၊ မိမိသင်ကြားထားတဲ့ ပညာရပ်နှင့် အဆင်ပြေပါ့မလားဆိုတာတွေကို မစဉ်းစားဘဲ ဝင်ငွေကောင်းတဲ့ဌာနကိုပဲ ဦးစားပေး စဉ်းစားလာတာတွေ တွေ့ရှိလာရပါတယ်။ အလုပ်ရအောင်လည်း လာဘ်ပေးလာဘ်ယူကနေတစ်ဆင့် ကြိုးစားလာပါတယ်။ ဝင်ငွေကောင်းတဲ့ဌာနလည်းဖြစ်၊ လာဘ်ပေးလာဘ်ယူလုပ်တဲ့အခါကျတော့ ဝင်ငွေလည်းကောင်း၊ အရာရှိလည်းဖြစ်တဲ့အတွက်ကြောင့် ပတ်ဝန်းကျင်ရဲ့အသိအမှတ်ပြုခြင်း၊ အလေးပေးခြင်းကိုလည်း ခံရပါတယ်။ တစ်ဌာနတည်းဖြစ်ပြီးတော့ ရိုးသားကြိုးစားတဲ့ဝန်ထမ်း၊ ဌာနချင်းမတူတဲ့ ဝင်ငွေနည်းတဲ့ဝန်ထမ်းတွေကတော့ ဝင်ငွေမရှာနိုင်ဘူးဆိုရင် သူတို့ရဲ့အခြေအနေဟာ ပတ်ဝန်းကျင်မှာ မှေးမှိန်နေပါတော့တယ်။ အလေးထားမခံရတာတွေ ရှိလာပါတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းကိုက လာဘ်ပေးလာဘ်ယူလုပ်ဖို့ကို တွန်းအားပေးသလို ဖြစ်လာပါတယ်။ အဂတိတရားလိုက်စားသူက ရှက်ရမယ့်အစား အလေးပေးခံ အသိအမှတ်ပြုခံရတဲ့အခြေအနေကို ဖြစ်လာပါတော့တယ်။ ဒါဟာ ယနေ့ လူမှုရေးအသိုင်းအဝိုင်းရဲ့ ပကတိအခြေအနေဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့လုံးဆိုင်ရာ အဂတိလိုက်စားမှုအခြေအနေ စောင့်ကြည့်လေ့လာရေးအဖွဲ့ (Transparency International) ကနေပြီးတော့ နိုင်ငံပေါင်း ၁၇၄ နိုင်ငံကို လေ့လာထားပြီး အစီရင်ခံစာအရ အဂတိလိုက်စားမှုအများဆုံးနိုင်ငံနှင့် အဂတိလိုက်စားမှု အနည်းဆုံးနိုင်ငံ ၁၀ နိုင်ငံကို ကြေညာခဲ့ပါတယ်။ အဂတိလိုက်စားမှုအနည်းဆုံးနိုင်ငံတွေကို ကြည့်လျှင် ဆင်းရဲချမ်းသာကွာဟမှုနည်းပြီးတော့ ဒီမိုကရေစီအားကောင်းတဲ့နိုင်ငံတွေဖြစ်နေပါတယ်။ အဂတိလိုက်စားမှုအများဆုံးနိုင်ငံတွေကြည့်မယ်ဆိုရင် ဆင်းရဲချမ်းသာကွာဟမှု အများဆုံးဖြစ်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာလည်း အဂတိတရားလိုက်စားမှုနှင့်ပတ်သက်ပြီးတော့ အဆင့် (၁၄၇)မှာ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ အဂတိတရားလိုက်စားမှုများခြင်းအားဖြင့် မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံကြမယ့် စီးပွားရေးသမားတွေကို နောက်ပြန်လှည့်သွားစေနိုင်တဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါတယ်ခင်ဗျား။ နိဂုံးချုပ်အားဖြင့် တင်ပြရရင် အဂတိတရားလိုက်စားခြင်းဖြင့် နိုင်ငံသူနိုင်ငံသားများအကြား ဆင်းရဲချမ်းသားကွာဟခြင်း၊ နိုင်ငံသား အချင်းချင်းယုံကြည်မှုအားနည်းလာနိုင်ခြင်းများဖြစ်ပေါ်လာပြီး နောက်ဆက်တွဲ ဆိုးကျိုးအနေနဲ့တော့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးပြဿနာတွေ ဖြစ်လာနိုင်တဲ့အတွက်ကြောင့် မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းရဲ့ နိုင်ငံအဝန်းအဂတိလိုက်စားမှု

များ ထင်ရှားသိသာစွာကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းတင်သွင်းတဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှု များ ထင်ရှားသိသာစွာကျဆင်းလျော့ပါးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှု ကြောင့် ငွေများတရားနိုင်ဖြစ်လာတဲ့အတွက် ပြည်သူများဟာ ဥပဒေရဲ့အကာအကွယ်မဲ့ပြီး တရားမျှတမှု တွေ၊ လူ့အခွင့်အရေးတွေ များစွာဆုံးရှုံးနစ်နာခဲ့ရပါတယ်။ ထို့အပြင် နိုင်ငံတော်က ဖွံ့ဖြိုးရေးအတွက် ချပေးတဲ့ ဘတ်ဂျက်များဟာလည်း အကောင်အထည်ပေါ်မလာဘဲ အဟောသိကံ ဖြစ်ရပါတယ်။ ဥပမာအနေနဲ့တင်ပြရရင် ၂၀၁၂ နောက်ပိုင်း ကျွန်တော်တို့ချင်းပြည်နယ်အတွက် နိုင်ငံတော်က လမ်း၊ တံတား၊ ကျောင်းနဲ့ဆေးခန်းစတာတွေအတွက် ငွေလုံးငွေရင်းမြောက်မြားစွာ ချပေးခဲ့ပါသော်လည်း မြေပြင်အကောင်အထည်ဖော်မှုဟာ ၃၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်းသာရှိတဲ့အတွက် ဒီနှစ်ဆောက်၊ နောက်နှစ်ပျက်၊ ဒီနှစ်ဖောက်၊ နောက်နှစ်သွားမရဆိုတဲ့ အဖြစ်မျိုးဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုးဆုံးကတော့ ကျွန်တော်တို့မတူပီမြို့ဟာ ရေအလွန်ရှားတဲ့ အတွက်ကြောင့် ရေငါးဂါလန်တစ်ဘူး ကို ၂၅၀ ကျပ်နဲ့ ဝယ်ယူနေရပါတယ်။ ဒါကြောင့် နိုင်ငံတော်က ရေသွယ်ဖို့ ဘတ်ဂျက် သိန်း ၆၀၀၀ ချပေးခဲ့ပါတယ်။ ပထမအနေနဲ့ သိန်း ၁၅၀၀ ကို ရေသွယ်ယူဖို့ ရွှေရည်ငွေရည်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ရပါတယ်။ ဖွင့်ပွဲလုပ်တဲ့နေ့မှာ ရေတင်စက်နဲ့ ရေတင်ပြီး ဟန်ပြဖွင့်ပွဲလုပ်ခဲ့ပါတယ်။ နောက်နေ့ကနေ ရေမလာတော့ပါဘူး။ ဒီနေ့အထိ နှစ်နှစ်ရှိပါပြီ။ ဒုတိယအနေနဲ့ တိန်ဆီးသားကုမ္ပဏီက သိန်း ၄၅၀၀ နဲ့ တာဝန်ယူဆောင်ရွက်ပါတယ်။ မူလလျာထားတဲ့ စမ်းရေထွက်တဲ့နေရာကို မသွယ်တဲ့အတွက်ကြောင့် ရေဟာ သုံးလက်မပိုက်တစ်ဝက်တောင် မရှိတဲ့အတွက်ကြောင့် ဆောင်းရာသီနဲ့ နွေရာသီများမှာ ပြည်သူများဟာ ငါးဂါလန်တစ်ပုံးကို ၂၅၀ နဲ့

ဝယ်နေမြဲ ဝယ်နေရပါတယ်။ ဒီလိုပါပဲ ကျွန်တော်တို့ မတူပီမြို့ရဲ့ ဘောလုံးကွင်းဖြစ်တဲ့ အောင်ဆန်းသူရိယဗိုလ်တိုက်ချွန်းဘောလုံးကွင်းကို ပြင်ဆင်ဖို့ရန်အတွက် သိန်း ၆၀၀ ချပေးပါတယ်။ ဒါပေမဲ့ ယခုနှစ်မှာ ဘောလုံးကန်မရဘဲနဲ့ စပါးစိုက်လို့ရတဲ့ အနေအထားဖြစ်ခဲ့ပါတယ်။ ဒီလို လုပ်ငန်းမအောင်မြင်မှန်းသိလျက်နဲ့ တာဝန်ရှိတဲ့ ဌာနဆိုင်ရာလူကြီးများ၊ ကော်မတီဥက္ကဋ္ဌများက အသာတကြည်လက်မှတ်ထိုးပေးတဲ့အတွက်ကြောင့် ကုမ္ပဏီများက ငွေအပြီးထုတ်သွားကြပါတယ်။ ထို့အပြင် ကျောင်းဆောင်ဆောက်တဲ့ ကန်ထရိုက်တာတွေ လမ်းတူးတဲ့ ကုမ္ပဏီများစတဲ့ လုပ်ငန်းကြီး ကစပြီး လုပ်ငန်းငယ်အထိ အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိပါဘူး။ ပိုလို့ဆိုးတာက ၂၀၁၅ ခုနှစ် ဇူလိုင်လ မိုးရွာ၊ ရေကြီး၊ မြေပြိုမှုကြောင့် မတူပီမြို့ပေါ်မှာ အိမ်ခြေ ၃၀ ခန့် ပျက်စီးခဲ့ရတဲ့အတွက် ဘဏ်တစ်ခုကနေ ဘီလပ်မြေအိတ် ၁၂၀၀ လှူတယ်လို့ သိရပါတယ်။ အဲဒီဘီလပ်မြေကို ဒုက္ခရောက် တဲ့လူတွေဆီမရောက်ဘဲ တာဝန်ရှိသူများလက်ထဲမှာ ပျောက်သွားခဲ့ရပါတယ်။ အစားအသောက်နဲ့ အဝတ်အစားထောက်ပံ့မှုတွေလည်း တချို့တဝက်ပဲရရှိတယ်လို့ သိရပါတယ်။ ဒီလိုအခြေအနေမျိုး ပြည်သူများ မျက်ဝါးထင်ထင်ခံစားနေရပေမယ့် ဘယ်သူ့ကိုအားကိုးပြီး တင်ပြရမလဲ၊ အရေးယူဆောင် ရွက်ပေးမယ့်သူမရှိဖြစ်နေကြပါတယ်။ ဒီအကြောင်းအရာတွေအားလုံးဟာ အဂတိတရားများကြောင့်ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အဂတိလိုက်စားမှုကို ကောင်းစွာမကိုင်တွယ်မဖြေရှင်းနိုင်လို့ရှိရင် တိုးတက်ဖွံ့ဖြိုးရေးအတွက် ငွေလုံးငွေရင်းပုံအောပြီးချနေစေကာမူ၊ ချပေးစေကာမူ အလဟဿ အကျိုးမဲ့သာ ဖြစ်လာခဲ့ကြပါတယ်။

ဒါကြောင့် နိုင်ငံတော်အနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအထူးစီမံချက်တစ်ရပ် လုပ်ဆောင် ဖို့ရန် အောက်ပါအချက်များကို တိုက်တွန်းချင်ပါတယ်။ (၁) မြို့နယ်အဆင့်ထိ အဂတိလိုက်စားမှု စောင့်ကြည့်ရေးအဖွဲ့ကို အုပ်ချုပ်ရေးနဲ့ ကင်းလွတ်ပြီး သီးခြားအဖွဲ့အစည်းဖြင့် ဖွဲ့စည်းခြင်း၊ (၂) အဂတိလိုက်စားတဲ့ဝန်ထမ်းများကို ဥပဒေနှင့် ထိရောက်စွာအရေးယူခြင်း၊ (၃)လုပ်ငန်းမပြီးပြတ်ဘဲ ပြီးစီးကြောင်းလက်မှတ်ထိုးပေးသူများကို ထိရောက်စွာအရေးယူခြင်း၊ (၄) လုပ်ငန်းပြီးစီးသည်ထိ အကောင်အထည်မဖော်နိုင်သည့်ကုမ္ပဏီများကို ပြည်နယ်နှင့် တိုင်းဒေသကြီး မြို့နယ်အဆင့်ထိ Black List များသတ်မှတ်ကြေညာခြင်း စသည့်လုပ်ငန်းများကို အရေးယူဆောင်ရွက်ပေးဖို့ အကြံပြုဆွေးနွေး လိုပါတယ်။ သို့မှသာ ကျွန်တော်တို့နိုင်ငံဟာ အဂတိလျော့ပါးပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်လာမှာ ဖြစ်တဲ့အတွက်ကြောင့် မြောက်ဥက္ကလာပမဲဆန္ဒနယ် ဒေါက်တာသန်းဝင်းတင်သွင်းတဲ့အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးအပါအဝင် တက်ရောက်လာတဲ့လေ့လာသူအားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာသန်းဝင်း တင်သွင်းသွားတဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခုလိုဆွေးနွေးရတဲ့ အကြောင်းအရင်းကတော့ ကျွန်တော့်ဒေသက မဲဆန္ဒရှင်တွေက လာဘ်ပေးလာဘ်ယူမှုတွေနဲ့ ပတ်သက်ပြီးတော့ အစိုးရသစ်အနေနဲ့ အရေးမယူသေးဘူးလားဆိုတဲ့ဆန္ဒနဲ့ အသံတွေပေါ်မှုတည်ပြီးတော့ ကျွန်တော်ပါဝင်ဆွေးနွေးရခြင်းဖြစ်ပါတယ်။ အဓိကအနေနဲ့ ကျွန်တော်ဆွေးနွေးရမယ်ဆိုလို့ရှိရင် ဒီအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပေါ်ပေါက်လာတာဟာ အဂတိတရားလေးပါးကြောင့်ဖြစ်ပါတယ်။ ဒီအဂတိတရားလေးပါးကို အကြီးအကျယ်လိုက်စားနေတဲ့သူတွေကို တိုင်းသူပြည်သားလူအများရဲ့အကျိုးအတွက် ဆောင်ရွက်နေရတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ မဏ္ဍိုင်ကြီးသုံးရပ်အပေါ်မှာ ဆက်ပြီးတာဝန်ပေးလို့ မရပါဘူး။ ဆက်ပြီးတာဝန်ပေးနေမယ်ဆိုရင် ဒီတိုင်းပြည်ဟာ ဘယ်လောက်ပင်သယံဇာတတွေပေါကြွယ်ဝနေပါစေ ဆင်းရဲတွင်းနက်ပြီး ဒုက္ခတွေပင်လယ်ဝေနေအောင်ခံစားရမယ်ဆိုတာ မြန်မာပြည်ကို ကြည့်လိုက်ရင် အထင်းသားမြင်တွေ့နေရမှာဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဒီလိုဆင်းရဲဒုက္ခတွင်းကနေ ကင်းလွတ်ဖို့ ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၄ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါပေမဲ့ ဒီဥပဒေဟာ ယခုအခါမှာ ရာထူး၊ အာဏာ၊ ငွေကြေး၊ စည်းစိမ်ကို အလွန်အမင်းမက်မောနေသူတွေရဲ့လက်ထဲမှာ ရှင်သန်ကြီးထွားနိုင်ခြင်းမရှိဘဲနဲ့ တဖြည်းဖြည်းကျုံလှီနေတာကို တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြည်သူအားကိုးယုံကြည်တဲ့ အစိုးရသစ်အနေနဲ့ အများအကျိုးအတွက် ကောင်းမွန်တဲ့ရည်ရွယ်ချက်တွေနဲ့ ပြဋ္ဌာန်းထားတဲ့ ဒီဥပဒေကြီးရှင်သန်ကြီးထွားလာအောင် လက်တွေ့ကျကျဆောင်ရွက်ဖို့ ရှုထောင့်ကနေပြီးတော့ ကျွန်တော်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး ကျွန်တော့်အနေနဲ့ဆွေးနွေးတင်ပြလိုတာက ဥပဒေပိုင်းဆိုင်ရာပါ။ လက်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအတိုင်း ဆက်သွားနေမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ကအဂတိလိုက်စားမှုလျော့နည်းစရာအကြောင်း သိပ်မရှိဘူးဆိုတာ တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ လာဘ်ပေးတဲ့သူရော လာဘ်ယူတဲ့သူရော အရေးယူအပြစ်ပေးမယ်လို့ ဥပဒေမှာပြဋ္ဌာန်းထားပါတယ်။ တကယ်တော့

လာဘ်ပေးရတဲ့အခါမှာ အကြောင်းအမျိုးမျိုးကြောင့်မို့လို့ မပေးမဖြစ်ဘဲနဲ့ ကိုယ်မှန်နေရက်သားနဲ့ ပေးရတာဟာ ဌာနတွေမှာ အများကြီးတွေ့ရပါတယ်။ လ.ဝ.ကတွေ၊ တရားရုံးတွေ၊ အခွန်ဌာနတွေ ဒီမှာ အများကြီး တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီလာဘ်ပေးနေရတဲ့အခါမှာ၊ လာဘ်ပေး လာဘ်ယူမှုဥပဒေမှာ ဥပဒေတစ်ခုကို ထည့်သွင်းပြဋ္ဌာန်းလိုက်မယ်ဆိုရင် လျော့နည်းသွားစရာ အကြောင်း ရှိပါတယ်။ အဲဒါ ဘာလဲဆိုတော့ အကြောက်တရားကြောင့် မလွဲမရှောင်သာလို့ လာဘ်ပေး လိုက်ရတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ၂၄ နာရီအတွင်းမှာ လာဘ်ပေးတဲ့သူကပဲဖြစ်ဖြစ်၊ လာဘ်ယူတဲ့ သူကပဲဖြစ်ဖြစ် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုသော်လည်းကောင်း၊ တရားရုံးကိုသော် လည်းကောင်း ယုံကြည်စိတ်ချရတဲ့သူကို တိုင်တန်းမယ်ဆိုလို့ရှိရင် ဒီအပြစ်ကနေပြီးတော့ ကင်းလွတ် ခွင့်ပြုဖို့ ဥပဒေမှာထည့်သွင်းပြဋ္ဌာန်းမယ်ဆိုလို့ရှိရင် လာဘ်ယူတဲ့သူကလည်း ပေးတဲ့သူကတိုင်မလား။ ပေးတဲ့သူကလည်း ယူတဲ့သူကတိုင်မလားဆိုပြီးတော့ လျော့နည်းသွားစရာအကြောင်းတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၃၇၊ ၃၃၈၊ ၃၃၉ မှာ ကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့ ဖော်ကောင်နဲ့ပတ်သက်တဲ့ပြဋ္ဌာန်းချက်ကို တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဖော်ကောင် နဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်က စုံစမ်းထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းဆိုတဲ့ ကဏ္ဍသုံးရပ်မှာသာလျှင် ပြစ်မှုကနေ ကင်းလွတ်ခွင့်ပြုဖို့ ခွင့်ပြုထားခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာနဲ့ပတ်သက်ပြီးတော့ ကြည့်မယ်ဆိုလို့ရှိရင် ဦးစောဘ(၅)နဲ့ ပြည်ထောင်စုမြန်မာနိုင်ငံစီရင်ထုံးမှာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီဥပဒေမှာ ဒီအချက်လေးတစ်ချက်ကို ထည့်လိုက်မယ်ဆိုလို့ရှိရင် ပေးတဲ့သူကလည်း ယူတဲ့သူတိုင်မှာကိုကြောက်၊ ယူတဲ့သူကလည်း ပေးတဲ့သူ တိုင်မှာကိုကြောက်ပြီးတော့ လျော့နည်းသွားစရာ အကြောင်းရှိတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ တင်ပြ ပါတယ်။

နောက်တစ်ချက်တင်ပြလိုတာကတော့ ဒီအဂတိတရားလေးပါး အလွန်အမင်းချိုးဖောက်နေတဲ့ အကျင့်ပျက်ဝန်ထမ်းတွေကို ဘယ်လိုအရေးယူမလဲဆိုလို့ရှိရင် ဝေးလံခေါင်သီတဲ့နယ်စပ်မြို့တွေကို ပြောင်းရွှေ့ပစ်မယ်။ တာဝန်မှရပ်စဲမယ်။ လိုအပ်လျှင် ဒီဥပဒေအရ ထိထိရောက်ရောက်အရေးယူမယ် ဆိုလို့ရှိရင် ဒါဟာ အမှန်တကယ်ပြောင်းလဲပြီးတဲ့အခါကျတော့ ကျွန်တော်တို့က ရရှိသွားမှာဖြစ်ပါတယ်။ နောင်ရိုးတိုက်ပွဲမှာ ဘုရင့်နောင်ဖောင်ဖျက်ခဲ့သလို၊ ကျွန်တော်တို့ ကမ္ဘာကျော်စစ်သူကြီး ဇွန်ဇူးကနေပြီး တော့ စည်းကမ်းဖောက်တဲ့မိဖုရားတစ်ဦးကို သုတ်သင်ရှင်းလင်းလိုက်တဲ့အခါမှာ ကျန်တဲ့မိဖုရားတွေ စည်းကမ်းလိုက်နာသလို ဒီလိုသာဓကတွေယူပြီးတော့ ကျွန်တော်တို့က ပြင်းပြင်းထန်ထန်အရေးယူ

**မှုကြမ်း**

ပစ်ရမှာဖြစ်ပါတယ်။ ဒီမှာကျွန်တော်တို့ကြည့်မယ်ဆိုလို့ရှိရင် မြေတွေနဲ့ပတ်သက်ပြီးတော့လည်း စက်မှုဇုန်မြေဆိုပြီးတော့ သိမ်းထားတယ်။ ဒါပေမဲ့ စက်မှုဇုန်စက်ရုံတစ်ရုံမှ မတည်ဆောက်နိုင်ပါဘူး။ ဒီလိုအနေအထားတွေ ရှိနေတဲ့အတွက်ကြောင့် နောက်အခွန်ကောက်တယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့က သူခိုးကို ဘဏ္ဍာစိုးခန့်လို့မရပါဘူး။ သူ့အိတ်ထဲပဲ အကုန်ရောက်ကုန်ပြီးတဲ့အခါကျတော့ တိုင်းပြည်ရဲ့ဘဏ္ဍာငွေထဲကို ဝင်မှာမဟုတ်ဘဲနဲ့ တိုင်းပြည် မင်းလုပ်နေတဲ့သူကလည်း မကြာခင်မှာ ဘဏ္ဍာထဲမှာဘာမှမရှိဘဲနဲ့ အကြွေးစာရင်းစာအုပ်ကိုသာ တွေ့ရှိပြီးတဲ့အခါကျတော့ ဒါကျွန်တော်တို့ အာဏာကို စွန့်လွှတ်သွားမယ့်အနေအထားမျိုးတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီသာဓကတွေကို ထောက်ထားပြီးတော့ ဒီနေ့ ဒီအချိန်မှာတော့ မလွဲမရှောင်သာ ပြင်းပြင်းထန်ထန် အရေးယူသင့်ပါပြီလို့ တင်ပြရင်းနဲ့ ဒေါက်တာသန်းဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် ဖြစ်ပါတယ်။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ အဂတိလိုက်စားမှုပြဿနာဟာ ကျွန်တော်တို့နိုင်ငံအတွက် အရေးတကြီးဖြေရှင်းရမယ့် ပြဿနာဆိုးကြီးတစ်ရပ်ပါ။ နှစ်ကာလရှည်လျားစွာ အမြစ်တွယ်၊ အရိုးစွဲနေတဲ့ ရောဂါဆိုးကြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကြီးဟာ ကမ္ဘာ့အလယ်မှာ အောက်ကျနောက်ကျဖြစ်နေရခြင်းဟာ အုပ်ချုပ်မှုယန္တရားကြီးတစ်ခုလုံးရဲ့ နေရာအနှံ့ အဂတိလိုက်စားမှုရှိနေတာကြောင့်ပါ။ အဂတိလိုက်စားမှုပြဿနာဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားကြီးဖြစ်သလို နိုင်ငံသားများရဲ့ အခွင့်အရေးများ၊ ရပိုင်ခွင့်များကိုလည်း ထိခိုက်စေပါတယ်။ နိုင်ငံရေးအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်းများကြားမှာ မလိုလားအပ်သော အရှုပ်အထွေးများလည်း ဖြစ်ပေါ်စေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ အဂတိတရားဆိုတာ ဗုဒ္ဓဘာသာမြန်မာတို့အတွက် အလွန်ရွံရှာစက်ဆုပ်ဖွယ်ရာအဖြစ် ရှုမြင်ခဲ့ကြတာပါ။ တစ်ချိန်က အဂတိလိုက်စားခဲ့

သူတွေဟာ လူမသိ၊ သူမသိ၊ ခိုးကြောင်ခိုးဝှက် ဆောင်ရွက်ခဲ့ကြရတာပါ။ အဲဒီအမှုသည် လူသိသွားပြီဆိုရင်တော့ ခေါင်းမဖော်ရဲ၊ လူတောမတိုးရဲ၊ မျိုးရိုးစဉ်ဆက် သိမ်ငယ်သွားရလောက်အောင် မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံခဲ့တဲ့အရာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီး ဖဆပလအစိုးရခေတ် ဝန်ကြီးချုပ်ဦးနု တက်လာတော့ ကျွန်တော်အခု ဝန်ကြီးချုပ်အိမ်ကိုလာချိန်မှာ ပါလာတဲ့ ပစ္စည်းတွေ၊ ကျွန်တော် ဝန်ကြီးချုပ်ဘဝက ဆင်းချိန်မှာ မီးခြစ်တစ်ဘူးပိုပါသွားရင် ကျွန်တော့်ကို သူခိုးလို့ စွပ်စွဲပြီး တရားစွဲထောင်ချလိုက်ပါတဲ့။ ဒါဟာ စံနမူနာယူစရာဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း လာဘ်ပေးရန်မလိုဆောင်မှုဖြစ်ပေါ်လာချိန်မှစပြီး ယခုအချိန်အထိ လာဘ်စားခြင်းအမှုဟာ တရားဝင်ပေါ်ပေါ်ထင်ထင် ရပိုင်ခွင့်ကြီးတစ်ခုကဲ့သို့ ကျင့်သုံးလာလိုက်တာ လာဘ်များများစားလိုက်တဲ့နေရာဌာနကို ဝင်ကောင်းတဲ့နေရာ၊ လာဘ်များများစားလို့ ချမ်းသာသွားသူ တိုက်ဆောက်၊ ကားစီးသွားသူကို အထင်ကြီးအားကျစရာ စံနမူနာယူကြတဲ့အထိ ကျွန်တော်တို့ရဲ့ နှလုံးသားမှာ ဗုဒ္ဓအဆုံးအမတွေ၊ မြန်မာ့ရိုးရာထုံးစံတွေ ပျက်စီးသွားခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်လောက်က သူလိုကိုယ်လို သာမာန်ဝန်ထမ်းတစ်ယောက်ဘဝက ၁၀ နှစ်၊ ၁၅ နှစ်အကြာမှာ ဆယ်သက်စားမကုန်တဲ့ ကမ္ဘာ့အဆင့်သူဌေးကြီးတွေ ဖြစ်သွားခဲ့ပါတယ်။ အဲဒီအဂတိတရားနှင့်အတူ တိုင်းပြည်နှင့်လူမျိုးကတော့ မွဲသထက်မွဲ၊ ဆင်းရဲသထက်ဆင်းရဲဓားမ နောက်ပိတ်ခွေးဘဝကို ကျရောက်သွားခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိတရားကြောင့် သစ်တောဂိတ်အဆင့်ဆင့်၊ ရဲစခန်းဂိတ်အဆင့်ဆင့်က သစ်တွေခိုးထုတ်သွားလိုက်တာ သစ်တောတွေလည်းပြောင် ဆိုးရွားလှတဲ့ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို တစ်တိုင်းပြည်လုံး လည်စင်းခံနေရပါပြီ။ အဂတိတရားကြောင့် အဖိုးတန်ကျောက်စိမ်းတွေ၊ သယံဇာတတွေ ခိုးထုတ်သွားတာ မြေစာပုံပဲ ကျန်ခဲ့ပါပြီ။ အဂတိတရားကြောင့် မူးယစ်ဆေးဝါးတွေ မြို့တိုင်းပေါ်များလွယ်ကူစွာ ရောင်းဝယ်သုံးစွဲနေတာ လူငယ်တွေလည်း အညွန့်တုံးကုန်ပါပြီ။ အဂတိတရားကြောင့် Import, Export ကုမ္ပဏီတွေ ၅၀ ရာခိုင်နှုန်းကျော်လာဘ်ပေး၊ ကုန်ဈေးနှုန်းတွေတက်၊ ငွေကြေးတွေဖောင်းပွ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အဟန့်အတားဖြစ်ကြရပါတယ်။ အဂတိတရားကြောင့်ပဲ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်ဟာ အတော်ယိုင်နဲ့ခဲ့ပါပြီ။ အဂတိတရားကြောင့် တံတားကြီးတွေဆောက်၊ လမ်းကြီးတွေဖောက်၊ ကျောင်းကြီးတွေဆောက်လို့ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်မှာပဲ ယိုယွင်းပျက်စီးလို့ အဟောသိကံ ပြည်သူ့ဘဏ္ဍာတွေ ဆုံးရှုံးသွားခဲ့ရပါတယ်။ တကယ်တော့ လူတစ်ဦးတစ်ယောက်တည်းကို အာဏာတွေစုပုံပေးထားမယ်၊ သူ့ဆုံးဖြတ်ချက်ကို ဆန်းစစ်ဝေဖန်ခွင့်၊ စစ်ဆေးမေးမြန်းခွင့်မရှိဘူးဆိုရင် အဂတိတရားတွေ

ရှိနေမှာပါ။ အာဏာရှင်စနစ်မှာ ခြစားမှုတွေများရခြင်းဟာ ဒီအချက်ကြောင့်ပါ။ ငါးတစ်ကောင်ဟာ ခေါင်းက ပုပ်သိုးနေရင် တစ်ကောင်လုံးမကောင်းနိုင်ပါဆိုသလို ခေါင်ကမှမိုးမလုံရင် ကြီးအက်က မိုးပက်တာ မဆန်းပါဘူးခင်ဗျား။ ဒါကြောင့် အဂတိလိုက်စားမှုပပျောက်ရေးအတွက် ခေါင်းဆောင် တွေက ဒီအကျင့်ဆိုးကို တိုက်ဖျက်လိုသော ဆန္ဒရှိဖို့ အဓိကကျလှပါတယ်။ စင်္ကာပူနိုင်ငံဟာ ကျွန်တော်တို့အတွက် နမူနာကောင်းတစ်ရပ်ပါ။ စင်္ကာပူဖခင်ကြီး လီကွမ်ယုဟာ ဝန်ထမ်းများခြစား မှုကြောင့် အထွေထွေယိုယွင်းမှုကြီးကို ပပျောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စင်္ကာပူ Blue Print လို့ခေါ်တဲ့ ခြစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်အဖြစ် ခြစားမှုတိုက်ဖျက်ရေးအဖွဲ့ကို လုပ်ပိုင်ခွင့်အာဏာ များပိုပေးနိုင်ရန် ဥပဒေကိုပြုပြင်ပေးခဲ့ပါတယ်။ လာဘ်ယူသူတွေကို အလုပ်မှထုတ်ပယ်၊ ရုံးတင် စစ်ဆေး၊ ပြင်းထန်တဲ့ ဒဏ်ငွေများ၊ ထောင်ဒဏ်၊ ငွေဒဏ်များဆောင်စေပါတယ်။ ဝန်ထမ်းတွေကို လာဘ်မစားစေဖို့အတွက် လစာငွေတွေကို ထိုက်တန်အောင်တိုးမြှင့်ပေးခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက် ချက်တွေကြောင့် နှစ်အနည်းငယ်အတွင်းမှာပဲ အကျင့်ပျက်တိုက်ဖျက်ရေးလုပ်ငန်းဟာ ထိရောက် အောင်မြင်မှုရှိခဲ့ပါတယ်။ ဒီနေ့ဒီအချိန်မှာ ပြည်သူရွေးချယ်တဲ့ ဒီမိုကရေစီအစိုးရသစ်က မည်မျှပင် အစီအမံကောင်းတွေချမှတ်၍ ဆောင်ရွက်နေစေကာမူ၊ လွှတ်တော်ကြီးက မည်မျှပင် အဂတိတိုက်ဖျက် ရေးတွေဆွေးနွေးလို့ ဥပဒေတွေပြဋ္ဌာန်းစေကာမူ အောက်ခြေမှာအကောင်အထည်ဖော်နေတဲ့ ဝန်ထမ်း အဖွဲ့အစည်းတွေ၊ ယခင်ခေတ်ရဲ့ ခေါက်ရိုးတွေမပြေသမျှ၊ ယခင်အတိုင်း အဂတိတရားတွေ လိုက်စား နေသမျှ ပြည်သူတွေအမျှော်လင့်ကြီးတွေမျှော်လင့်နေတဲ့ အပြောင်းအလဲနဲ့ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ဆိုတဲ့ ရွှေပြည်တော်ကတော့ မျှော်တိုင်းဝေးပါလိမ့်မယ်။ ဒါကြောင့် တိုင်းပြည်ရဲ့ အန္တရာယ် ဖြစ်တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်၍ နိုင်ငံတော် အစိုးရ၊ ဌာနဆိုင်ရာအဆင့်ဆင့်နှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းကာ တွဲလက်ညီညီဆောင်ရွက် ကြပါစို့လို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြ ပါစေ။ (သြဘာသံများ)

**ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရဲ့ သဘောထားပြောပါ။

**မူကြမ်း**

**ဦးမြဝင်း(ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ဥက္ကဋ္ဌ ဦးမြဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းရဲ့ နိုင်ငံအဝန်းအဂတိလိုက်စားမှုများ ထင်ရှား သိသာစွာကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ် ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီးတော့ အပိုင်းနှစ်ပိုင်းနှင့် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမပိုင်းအနေနဲ့ ကျွန်တော် တင်ပြရမယ်ဆိုလို့ရှိရင် အဆိုရှင် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် တင်ပြသွားတဲ့အတိုင်း ကျွန်တော်တို့ မြန်မာနိုင်ငံတော်ရဲ့ နယ်ပယ် အသီးသီးမှာ အဂတိလိုက်စားမှုများဖြစ်ပေါ်လျက်ရှိသည်မှာ နှစ်ပေါင်းများစွာရှိခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ အမြစ်တွယ်နေတဲ့ အဂတိလိုက်စားမှုကို အချိန်တိုအတွင်းမှာ နှိမ်နင်းနိုင်ဖို့ဆိုတာမှာ အထိုက် အလျောက်အခက်အခဲရှိနိုင်ပြီးတော့ အထက်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများတင်ပြသွားတဲ့ အတိုင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ခြေမှုန်းနိုင်ဖို့အတွက် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ပြီးတော့ ဘက်စုံထောင့်စုံမှ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ဦးစွာပထမတင်ပြလိုပါတယ်။

ကျွန်တော်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှာ ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် မတ်လမှာ ကျွန်တော်တို့ရုံးကို စတင်ဖွင့်လှစ်ခဲ့ပြီးတော့ စတင်ဖွင့်လှစ် ချိန်ကစပြီး ဝန်ထမ်းများရရှိစုဖွဲ့ရေး၊ တိုင်ကြားစာများစစ်ဆေးရေးတို့ကို ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါနဲ့တစ်ပြိုက်နက်မှာပဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနဲ့အညီ ဆောင်ရွက်မယ့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေကို ရေးဆွဲပြီးတော့ နိုင်ငံတော်အစိုးရအဖွဲ့မှ အတည်ပြုနိုင်ရေး အတွက် ဆောင်ရွက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ထို့အပြင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုပြစ်မှု ဆိုင်ရာရုံး (UNODC)ရဲ့အစီအစဉ်နဲ့ မြန်မာနိုင်ငံက ဆောင်ရွက်ရမည့် ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်ကို UNODC နဲ့ပူးပေါင်းပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်ရဲ့ နောက်ဆုံးအဆင့်ဖြစ်တဲ့ Country Review Report ထုတ်နိုင်ဖို့အတွက် Royal ACE မှာ ၁၁-၇-၂၀၁၆ ရက်နေ့ကနေပြီးတော့ ၁၅-၇-၂၀၁၆ ရက်နေ့အထိ UNODC၊ ထိုင်း၊ ဘူရွန်ဒီနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် ကျွန်တော်တို့နိုင်ငံက ကော်မရှင်ရယ်၊ ပြည်ထောင်စုဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ အကြေအလည်ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်ပြီးဖြစ်တဲ့အတွက် Country Review Report ဟာ မကြာခင်ကာလအတွင်းမှာ ထွက်ပေါ်လာမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ အခြေခံအုတ်မြစ်ခိုင်မာအောင်တည်ဆောက်မှုနှင့်အတူ ကော်မရှင်ရဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်းတာဝန်များနှင့်ပတ်သက်လို့ အထိုက်အလျောက်အောင်မြင်အောင် ဆောင်ရွက်ခဲ့ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီးတော့ Transparency International မှထုတ်ပြန်တဲ့ အဂတိလိုက်စားမှုအညွှန်းကိန်းမှာ ၂၀၁၂ ခုနှစ်မှာ မူလနိုင်ငံပေါင်း ၁၇၆ နိုင်ငံအနက် ၁၇၂ ဖြစ်ခဲ့ပါတယ်။ ယခု ၂၀၁၅ ခုနှစ်မှာ နိုင်ငံပေါင်း ၁၆၈ နိုင်ငံအနက် ၁၄၇ နိုင်ငံသို့ရောက်ရှိခဲ့သည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ တိုင်စာများနှင့်ပတ်သက်လို့ ကျွန်တော်တို့ အရေးယူဆောင်ရွက်နိုင်မှုနည်းရတဲ့အကြောင်းအရင်းကို ဆက်လက်တင်ပြရမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားသည့်အတိုင်း တိုင်စာများမှာ သက်သေခိုင်မာမှုမရှိလို့ အရေးမယူနိုင်ခဲ့ခြင်းရှိသကဲ့သို့ သက်သေအထောက်အထားမပါသည့် ယေဘုယျဆန်ဆန်တိုင်ကြားစာများ၊ ပစ်စာများ၊ တိုင်ကြားသူ၏အမည်ပါသော်လည်း ကနဦးစုံစမ်းတဲ့အခါမှာ တိုင်ကြားသူအမှန်တကယ်မရှိသောတိုင်ကြားစာများ၊ ဤဥပဒေအာဏာမတည်မီက ကိစ္စရပ်များ၊ ဥပဒေနှင့်သက်ဆိုင်မှု မရှိသောတိုင်ကြားစာများ၊ တရားရုံးမှာစစ်ဆေးနေတဲ့ကိစ္စရပ်များ၊ စစ်ဆေးအရေးယူပြီးဖြစ်ပေမယ့် ထပ်မံတိုင်ကြားသည့်ကိစ္စရပ်များ၊ အဆင့်မြင့်အကြီးအကဲများသို့ လိပ်မူတိုင်ကြားစာများ၊ ဤကော်မရှင်သို့ မိတ္တူပေးစာများနှင့် မှန်ကန်မှုမရှိတဲ့တိုင်ကြားစာများဖြစ်နေတဲ့အတွက် တိုင်ကြားစာများ များပြားသော်လည်း အမှန်တကယ်အရေးယူနိုင်သည့် အရေအတွက်နည်းပါးရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုများ ဆောင်ရွက်တဲ့နေရာမှာ စစ်ဆေးရေးတာဝန်ကို ဆောင်ရွက်ကြမယ့် စစ်ဆေးရေးမှူးများ၊ ပြည့်စုံမှုရှိရန်လိုအပ်သကဲ့သို့ စစ်ဆေးရေးမှူးများရဲ့ အရည်အသွေးမြင့်မားဖို့လည်း လိုအပ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါ

တယ်။ ယနေ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကော်မရှင်ရုံးမှာ ပြည်ထောင်စုအစိုးရက ခန့်ထား ခွင့်ပြုထားတဲ့ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၂၇၀ ဦးရှိသည့်အနက် အမြဲတမ်းဝန်ထမ်း ၁၄၇ ဦးကို ခန့်ထားပြီး အဆိုပါဝန်ထမ်းများရဲ့ အရည်အသွေးမြှင့်မားရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုရရှိစေရေး အတွက် ဌာနတွင်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အဂတိလိုက်စားမှုများမှာ တောင်းသူရှိ၍ ပေးနေခြင်းရှိသကဲ့သို့ ပေးသူရှိပြီး ယူသူလည်းရှိနေတဲ့အတွက် ပေးသူကလည်းမပေးဖို့ တောင်းသူယူသူကလည်း မတောင်းမယူဘဲ စိတ်ဓာတ်တွေပြင်ဖို့ လိုအပ်ပါတယ်။ စိတ်ဓာတ်များပြုပြင်ရေးအတွက် အစိုးရ၊ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်၊ ပြည်သူအချင်းချင်း၊ ဝန်ထမ်းအချင်းချင်းတို့မှ ဝိုင်းဝန်းထိန်းသိမ်းပညာ ပေးသွားကြရန် လိုအပ်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှ အချို့ပြဋ္ဌာန်းချက်များကိုလည်း ပြင်ဆင် ဖြည့်စွက်ရန်လိုအပ်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အစိုးရအသစ်အနေနဲ့ အဂတိလိုက်စားမှုများ ကို ထိထိရောက်ရောက်တိုက်ဖျက်နှိမ်နင်းရန် သန္နိဋ္ဌာန်ချထားသည့်အတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့ ကို ဖွဲ့စည်းပြီး မကြာမီ အဂတိတရားကင်းစင်ရေးအတွက် ဝန်ထမ်းများလိုက်နာရမယ့် လက်ဆောင် ပစ္စည်းလက်ခံခြင်းနှင့်ပတ်သက်သည့် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နေ့စွဲဖြင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီး လည်းဖြစ်ပါတယ်။ ထိုကဲ့သို့ ဘက်စုံ၊ ထောင့်စုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုပါက အဂတိ လိုက်စားမှုများဟာ အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ ယခုထက်ပိုမိုလျော့နည်းကျဆင်းသွားမည်ဟု ယုံကြည်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ သန်းဝင်း တင်သွင်းတဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို မှတ်တမ်းထားရှိသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးမှုအပေါ် အခြေခံလျက် ကျွန်တော်တို့ ကော်မရှင်ရဲ့ ဥပဒေပါပြဋ္ဌာန်းချက် များအရ ဆောင်ရွက်ရမှုများကို ဒုတိယပိုင်းအနေဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလို ပါတယ်။ ကျွန်တော်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၅) စုံစမ်းစစ်ဆေးရေးအဖွဲ့

ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ ပုဒ်မ ၂၁ မှာ ကော်မရှင်သည် အောက်ပါကိစ္စရပ်များနှင့် ပတ်သက်၍ တရားဥပဒေအရ အရေးယူစုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းပြုနိုင်သည် လို့ ပြဋ္ဌာန်းထားပါတယ်။ ပြဋ္ဌာန်းချက်မှာ-

(က) နိုင်ငံတော်သမ္မတက စုံစမ်းစစ်ဆေးရန်တာဝန်ပေးအပ်ခြင်း၊

(ခ) ပုဒ်မ ၄၃ ပုဒ်မခွဲ(ခ)အရ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူတစ်ဦးကို အရေးယူပေးရန် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေနှင့်အညီ အဆိုတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးရန် တာဝန်ပေးအပ်ခြင်း၊

(ဂ) အဂတိလိုက်စားမှုကျူးလွန်သူအပေါ် ဥပဒေအရ အရေးယူပေးပါရန် နစ်နာသူက-

(၁) ကော်မရှင်သို့တိုင်ကြားခြင်း၊

(၂) ဤဥပဒေအရ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမ စိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ တိုင်ကြားခြင်း၊

(၃) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုသို့ တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဆိုပါတိုင်ကြားချက်များကို ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခြင်း ဆိုပြီးတော့ ပြဋ္ဌာန်းထားတာ တွေ့ရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၇)၊ အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ သတင်းပေးဆောင်ရွက်ခြင်း၊ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ခြင်းအပိုင်းနှင့် ပတ်သက်၍ ဆက်လက်တင်ပြရမည်ဆိုလျှင် ပုဒ်မ ၄၃ မှာ အောက်ပါအတိုင်းပြဋ္ဌာန်းထားပါတယ်-

(က) နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌသည် အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတင်ပြရန် ကော်မရှင်ကို တာဝန်ပေးအပ်နိုင်သည်။

(ခ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံရေး ရာထူးလက်ရှိဖြစ်သူတစ်ဦးဦးအပေါ် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာခြင်း၊

ရာထူးဆိုင်ရာလုပ်ပိုင်ခွင့် အလွဲသုံးစားမှုပြုခြင်း သို့မဟုတ် အဂတိလိုက်စားမှုကျူးလွန်ခြင်းနှင့်စပ်လျဥ်း၍ ဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်သို့ အဆိုတင်ပြခွင့်ရှိသည်။

(ဂ) သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသည်-

(၁) ပုဒ်မခွဲ(ခ)ပါတင်ပြချက်ကို လက်ခံရရှိသည့်အခါ လိုအပ်သလိုစုံစမ်းစစ်ဆေးပြီး တင်ပြရန် ကော်မရှင်ကို တာဝန်ပေးအပ်ရမည်၊

(၂) ကော်မရှင်၏တင်ပြချက်အရ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူတစ်ဦးဦးမှာ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာကြောင်း၊ ရာထူးဆိုင်ရာလုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကြောင်း သို့မဟုတ် အဂတိလိုက်စားမှုကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူအား သက်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် အကြောင်းကြားရမည်လို့ ပြဋ္ဌာန်းထားကြောင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကော်မရှင်အနေနဲ့ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်များသည်လည်း အဓိကအရေးကြီးတဲ့အနေအထားဖြစ်တာမို့လို့ အဆိုပါပုဒ်မမှာ ဖော်ပြချက်များအား သိရှိနိုင်ရန် တင်ပြလိုပါတယ်။ ပုဒ်မ ၂၂ မှာ ကော်မရှင်သည် အောက်ပါကိစ္စရပ်များကို စုံစမ်းစစ်ဆေးခြင်းမပြုရလို့ ဖော်ပြထားပါတယ်-

(က) တိုင်ကြားသည့်ကိစ္စသည် ကော်မရှင်က စုံစမ်းစစ်ဆေးပြီးသောကိစ္စဖြစ်ခြင်း၊

(ခ) တိုင်ကြားမှုတွင် အရေးကြီးသည့်သက်သေခံချက်များ မပါရှိခြင်း၊

(ဂ) ထပ်မံတိုင်ကြားမှုတွင် အရေးကြီးသည့်သက်သေခံချက်မပါရှိခြင်းလို့ ဖော်ပြထားတာဖြစ်ပါတယ်။ ဒီအချက်များဟာလည်း ကျွန်တော်တို့စစ်ဆေးတဲ့အခါမှာ အဓိကလိုက်နာဆောင်ရွက်ရတဲ့အချက်များဖြစ်တဲ့အတွက် သိရှိနိုင်ရန် တင်ပြရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပထမပိုင်းမှာတင်ပြထားခဲ့တဲ့အတိုင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ဖို့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ အချို့ပြဋ္ဌာန်းချက်များကို ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်သကဲ့သို့ ကျွန်တော်တင်ပြခဲ့တဲ့ UNODC ရဲ့ Country Review Report ရောက်တဲ့အခါမှာလည်း ဥပဒေပြင်ဆင်ရေးကိစ္စများကို

ဆောင်ရွက်ရနိုင်ကြောင်း တင်ပြအပ်ပါတယ်။ UNCAC ပါပြဋ္ဌာန်းချက်များကို ကျွန်တော်တို့နိုင်ငံက လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် အချက်အလက်များပြုစုတဲ့နေရာမှာ စနစ်တကျ အလေးအနက်ထား ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ကျွန်တော်တို့နိုင်ငံမှာကျင့်သုံးလျက်ရှိတဲ့ ဥပဒေများကို အခြေခံလျက် မိမိတို့ အရေးယူဆောင်ရွက်ရတဲ့ အမှန်တကယ်လက်တွေ့ဆောင်ရွက်သည့် အခြေအနေများအတိုင်း ဖော်ပြ ရေးသားတင်ပြရတာဖြစ်ပါတယ်။ နောက်ဆုံးအဆင့် Country Visit ကို ဆောင်ရွက်တဲ့နေရာမှာ UNODC ၊ သုံးသပ်တဲ့နိုင်ငံများနဲ့ မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးတဲ့အခါမှာလည်း ကိုယ့်နိုင်ငံရဲ့ အရေးပါတဲ့ကိစ္စရပ်မို့လို့ ကျွန်တော်တို့ ပေါ့ပေါ့တန်တန် ဆွေးနွေးလို့မရပါဘူး။ သူတို့လက်ခံနိုင် လောက်တဲ့၊ ခိုင်မာတဲ့အချက်အလက်အထောက်အထားတွေနဲ့ ရှင်းလင်းဖော်ပြဆွေးနွေးရတာဖြစ် ကြောင်း သိရှိနိုင်ရန် တင်ပြအပ်ပါတယ်။

ယခုကိုယ်စားလှယ်တော်ကြီးများ တင်ပြသွားတဲ့အတိုင်း ဆောင်ရွက်စေလိုတဲ့ကိစ္စရပ်များကို လည်း ကျွန်တော်တို့ကော်မရှင်အနေနဲ့ ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်သွားဖို့ ကတိပြုပါကြောင်း နှင့် ထိုလုပ်ငန်းများဆောင်ရွက်တဲ့အခါမှာ ထိထိရောက်ရောက် အောင်မြင်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျွန်တော် တို့ကော်မရှင်အနေနဲ့ နိုင်ငံတော်အစိုးရ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရဲ့ မူဝါဒလမ်းညွှန် ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း တင်ပြအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ နှစ်ရက်တိုင်တိုင် စိတ်စေတနာထက်သန်စွာဖြင့် ဆွေးနွေးအကြံပြုချက်များဟာ နိုင်ငံတော်အတွင်းမှာ အဂတိလိုက်စားမှု များ သိသာထင်ရှားစွာလျော့ပါးရေးအတွက် အရှိန်အဟုန်မြှင့်ပြီးဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များ အတွက် ပိုမိုလေးနက်ခိုင်မာစေပြီးတော့ ပိုမိုပြီးတော့ထိရောက်စေမှာဖြစ်ပါတယ်။ ပိုမိုပြီးတော့လည်း အကျိုးရှိစေမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာ ဒီအဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ လျော့ပါးရေးအတွက် အရှိန်အဟုန်မြှင့်ပြီးတော့ ဆောင်ရွက်ရမယ့်ကိစ္စဟာ ကျွန်တော်တို့နိုင်ငံတစ်ခုလုံး

အတွက် အမျိုးသားရေးကိစ္စကြီးတစ်ခုဖြစ်ပါတယ်။ ဒီကိစ္စကိုအမြန်ဆုံးဆောင်ရွက်ရာမှာ တစ်ရက်စောပြီးတော့ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်လျှင် တစ်ရက်စောပြီးတော့ တိုင်းပြည်နဲ့နိုင်ငံသူနိုင်ငံသားများအတွက် အကျိုးရှိမှာဖြစ်ပါတယ်။ ဒီအခု ကျွန်တော်တင်သွင်းခဲ့တဲ့အဆိုကို ဤလွှတ်တော်ကြီးကနေပြီးတော့၊ ပြည်သူ့လွှတ်တော်ကနေပြီးတော့ အတည်ပြုပေးမယ်ဆိုလို့ရှိရင် ဒီအတည်ပြုချက်ကနေပြီးတော့ ပြည်ထောင်စုအစိုးရအတွက်ကော၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အတွက်ပါ ပိုမိုအားကောင်းပြီးတော့၊ ပိုမိုထိရောက်စေမှာဖြစ်ပါတယ်။

သို့ဖြစ်ပါသဖြင့် ကျွန်တော် ဩဂုတ်လ ၂ ရက်နေ့က တင်သွင်းခဲ့တဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးက အတည်ပြုပေးပါရန်နှင့် ပြည်သူ့လွှတ်တော်ကြီးရဲ့အဆုံးအဖြတ်ကို ခံယူသွားပါမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာအစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာသန်းဝင်းတင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၃၁ ဦးက ဆွေးနွေးပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကလည်း ရှင်းလင်းပြောကြားသွားပါတယ်။ ကော်မရှင်ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်က မှတ်တမ်းတင်ထားရှိရန် ရှင်းလင်းပြောကြားခဲ့သလို အဆိုရှင်ကလည်း အတည်ပြုပေးပါရန်နှင့် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဒီလိုမဲခွဲဆုံးဖြတ်ရာမှာ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများပါက အဆိုအတည်ဖြစ်ပါမယ်။ ကန့်ကွက်ဆန္ဒမဲများပါက အဆိုအတည်မဖြစ်ကြောင်း ဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၇၀၊ ကန့်ကွက်ဆန္ဒမဲပေါင်း မရှိပါ။ ကြားနေဆန္ဒမဲပေါင်း မရှိပါ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေများတဲ့အတွက် ဒေါက်တာသန်းဝင်းတင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပကတိဖြစ်ပျက်နေတဲ့ အခြေအနေများအပေါ်မှာ ကိုယ်စားလှယ်များရဲ့ဆွေးနွေးချက်များက လျော်ကန်သင့်မြတ်လှပါတယ်။ အဂတိလိုက်စားမှုများကို ထိရောက်စွာတိုက်ဖျက်ဖို့ဆိုရင် ပြည်ထောင်စုအစိုးရကို တိုက်တွန်းရုံနဲ့မလုံလောက်နိုင်ပါဘူး။

အဂတိကင်းစင်တဲ့လူ့အသိုင်းအဝိုင်းဖြစ်ဖို့အတွက် နိုင်ငံတော်အစိုးရ၊ လွှတ်တော်များ၊ အဖွဲ့အစည်းအသီးသီး၊ မီဒီယာများ၊ ပြည်သူလူထုတစ်ရပ်လုံးက ခိုင်လုံတဲ့အထောက်အထားများနဲ့ တိကျမှန်ကန်စွာ ဖော်ထုတ်ပြီး တိုင်ကြားကြဖို့ပန်ကြားအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ အဂတိလိုက်စားမှုကို တင်းတင်းကျပ်ကျပ်ကိုင်တွယ်နိုင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြန်လည်စိစစ်လေ့လာသုံးသပ်ပေးပါရန် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေတဲ့ ရေဘေးအန္တရာယ်ကျရောက်နေတဲ့ဒေသများရှိ ပြည်သူများအားကူညီရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လက်ဆောင်ပေးခြင်းနှင့် အလှူဒါနခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၆၄၈၀၀၀၀ နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၏ နေ့တွက်စရိတ်တစ်ရက်စာ ကျပ် ၈၅၂၀၀၀၀ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိကို ယနေ့ ပေးလှူပြီးဖြစ်ပါကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၁၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၁၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မူကြမ်း**

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၄း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

မူကြမ်း